မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လကွယ်နေ့၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၇)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို
မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မော်လမြိုင်-ရေးကားလမ်းပိုင်း ပြုပြင်ဆောင်ရွက်နေမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ရေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ရေးမြို့နယ် ခေါဇာမြို့သို့ရောက်ရှိ၍ ခေါဇာမြို့ရုံးပေါင်းစုံအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ခေါဇာမြို့တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွက် အလှူငွေများကို ထောက်ပံ့ပေးအပ်ကာ ဆေးရုံကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်-ရေးကားလမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် ၉၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ လမ်းပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ပုပ္ပားမီးငြိမ်းတောင်ဒေသတစ်ဝိုက်၌ သဘာဝပိုဇိုလန်များ အမြောက်အမြားထွက်ရှိ ကုန်ကျစရိတ်သက်သာပြီး ပိုမိုခိုင်ခံ့မှုရှိ၍ ကွန်ကရစ်စီမံကိန်းလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြုနေ(၁)

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
ထွန်းဝင်းနိုင်(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၅

စကားဝါပန်းများ ပွင့်လန်းရာမြေ ပုပ္ပားတောင်ခြေဒေသသို့ မိမိတို့ရောက်ရှိချိန်က နာရီပြန်တစ်ချက် နေမွန်းတိမ်းခဲ့လေပြီ။ နေပြည်တော်မှ ထွက်ခွာစချိန်ကမူ နံနက် ၆ နာရီနေထွက်စပြုချိန်ခါ ဖြစ်သည်။

ကြည်နူးဖွယ်ရာ

ဟေမန္တဆောင်းရာသီ နံနက်ခင်း၏ အေးမြမြမြောက်ပြန်လေကို တဝကြီးရှူရှိုက်ရင်း သာယာလှပသောကျေးလက်၏ သဘာဝရှုမျှော်ခင်းတို့ကို မြင်ရသည်မှာ သက်ငြိမ်ပန်းချီကားတစ်ချပ်ကို ကြည့်ရသည့်နှယ် ကြည်နူးဖွယ်ရာ ကောင်းလှပါဘိ။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်)

လေဘေးသင့်ဒေသများ မူလအခြေအနေထက် သာလွန်ကောင်းမွန်ရေး နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်သည့် ကျိုက်လတ်မြို့၊ ဒေးဒရဲမြို့နှင့် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်အတွင်းရှိ ကွမ်းခြံကုန်းမြို့နယ်များသို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာလ၂၄ရက်နေ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ကျိုက်လတ်၊ ဒေးဒရဲနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ရောက်ရှိစဉ် ဒေသခံတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လမ်းညွှန်မှာကြားမှုများ ပြုခဲ့ပေသည်။

လေဘေးဒဏ်ခံစားခဲ့ရသော ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း စသည့်မြို့နယ်များကို ပြန်လည်ထူထောင်ရာ၌ စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် အခြားသောစီးပွားရေးလုပ်ငန်းများကို အမြန်ဆုံး အပြည့်အဝ ပြန်လည်ထူထောင်နိုင်ရန် ဒေသခံပြည်သူများ ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

မြို့နယ်အလိုက် တာဝန်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် လိုအပ်ပြီး အထွက်နှုန်းတိုးတက်ရေး၊ သီးနှံအလေအလွင့်နည်းပါးရေးကို အလေးဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲက "ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌ အဓိကကျသည့် စီးပွားရေးကဏ္ဍကို ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိရုံသာမက ယခင်ကတည်ရှိခဲ့သော မူလအခြေအနေထက် ပိုမိုတိုးတက်သော အခြေအနေသစ်သို့ရောက်ရှိအောင် ဖော်ဆောင်ဖန်တီးပေးရန် လိုအပ်ကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ ဆက်သွယ်သည့်လမ်းများဖောက်လုပ်၍ မြို့နယ်အတွင်း လမ်းကွန်ရက်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက် ထူထောင်သွားကြရမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု တိုးတက်လာခြင်းဖြင့် မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ လေဘေးသင့်ဒေသများတွင် စီးပွားရေးကိုအခြေပြု၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာရန် ဒေသခံပြည်သူများသည် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြမည်ဆိုပါက မူလအခြေအနေထက် သာလွန်ကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပန်းတောင်းမြို့နယ် ညီနောင်ကျောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

အသက်(၆၀)ပြည့်၊ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တပည့်များမှ အာစရိယပူဇော်ကြမည်ဖြစ်ရာ ဆင်တဲ အထက၏ (၁၁)ကြိမ်မြောက်ပူဇော်ပွဲကို ဆင်တဲ အထက၌ ဒီဇင်ဘာ၂၇ရက်(စနေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဦးသိန်းလွင် ဖုန်း-၀၅၃-၄၀၁၈၄၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၁၆၊ ဦးမောင်ငွေး ဖုန်း-၀၉၅-၃၁၃၁၁၀၊ ဒေါ်စောစောရီ ဖုန်း-၀၅၃-၂၄၁၁၄၊ ဒေါ်ငွေးငွေးကြည် ဖုန်း-၀၉-၅၀-၆၃၅၇၅ သို့လည်းကောင်း၊ ပန်းတောင်း အထက၏ (၁၇)ကြိမ်မြောက်ပူဇော်ပွဲကို ပန်းတောင်း အထက၌ ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးစိန်မြင့် ဖုန်း-၀၉-၅၀-၂၉၆၂၆၊ ဦးသိန်းလွင် ဖုန်း-၀၁-၅၂၄၇၁၁၊ ဦးတင်သောင်း ဖုန်း-၀၉-၅၁-၄၄၆၂၀ သို့လည်းကောင်း၊ အုတ်ရှစ်ပင် အထက၏ (၉)ကြိမ်မြောက်ပူဇော်ပွဲကို အုတ်ရှစ်ပင်အထက၌ ဒီဇင်ဘာ၂၇ရက်(စနေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အုတ်ရှစ်ပင် ဖုန်း-၀၅၃-၂၅၆၅၂၊ ဦးစောအောင် (လိုင်းခွဲ- ၂၀၃)၊ ဦးသန်းငွေးဦး (လိုင်းခွဲ-၄၄၇)နှင့် ဦးခင်မောင်နိုင် (လိုင်းခွဲ-၁၇၅)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၆-၁၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မြန်မာစာ မြန်မာစကား
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ရှင်သန်နေသောသီချင်းများ (Living Songs)
	၂၀။	စိုက်ပျိုးသုတ
	၂၁။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၀)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

မကွေးတိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ စက်ရုံများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၂၂ရက်က မကွေးတိုင်း အောင်လံမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် သရက်မြို့ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံ အမှတ်(၁) လုပ်ငန်းခွင်ကို လည်းကောင်း၊ အောင်လံမြို့နယ် ပြလို့ဝါ အဝယ်ဒိုင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

စစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပဲခူးတိုင်း ရွှေတောင်မြို့ရှိ ရွှေတောင်အဆင့်မြင့် ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံနှင့် ကြွေပြားစက်ရုံတို့သို့ ရောက်ရှိပြီး ကြည့်ရှု သာယာဝတီမြို့ရှိ သာယာဝတီပန်းကန်နှင့် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၇း၀၅-၁း၀၅	**ဗုဒ္ဓကာလ မဟာကာလသုတ္တန်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယ)	၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်	၁၀း၃၀-၄း၃၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ပန်းဂေါ်ဖီပင်စိုက်ပျိုးနည်း)
၈း၁၀-၂း၁၀	စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ	၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅-၂း၄၅	VJ Choice	၁၀း၅၅-၄း၅၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၀၅-၃း၀၅	ဆောင်းရာသီ အားလပ်ရက်များ	၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၁၅-၅း၁၅	Art Vision (My Life In Photography Since 1950)
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်	၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀-၃း၃၀	Yangon Panorama (မြတ်ဆရာပူဇော်ကန်တော့ပွဲ)	၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၄၅-၅း၄၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၉း၅၅-၃း၅၅	**စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]	၁၂း၀၅-၆း၀၅	Activities in the City (မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ)
		၁၂း၂၅-၆း၂၅	Fashion Guide (ရောင်စဉ်များနဲ့ အလှပိုင်ရှင်)
		၁၂း၄၀-၆း၄၀	တစ်ကိုယ်တော်တေးစုကဏ္ဍ စိုးစန္ဒာထွန်း
		၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Stoke City-Man U	ESPN (Live)
၇း၂၅	Chelsea-West Brom	Star Sports (Live)
၉း၂၅	Liverpool-Bolton	ESPN (Live)
၉း၃၀	Man City-Hull City	Star Sports (Live)
၁၁း၄၀	Aston Villa-Arsenal	Star Sports (Live)
၁၁း၅၅	Wigan-Newcastle	ESPN (SDD)

ရွှေတောင်မြို့ ရှမ်းတန်းလမ်း ထပ်ပိုးကတ္တရာလမ်းခင်းဆောင်ရွက်

ရွှေတောင် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ရွှေတောင်မြို့ အပြင်ရှမ်းတန်းလမ်း ထပ်ပိုးကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

❐ ရွှေဘိုမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာသို့ ရောက်ရှိကြပြီး ကရုပ္ပိချောင်းပေါ်တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်လျက်ရှိသည့် အရှည်ပေ ၃၀၀နှင့် အကျယ် ၁၈ပေရှိ သံကူကွန်ကရစ်အမျိုးအစား ကရုပ္ပိချောင်းတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပငကျေးရွာရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပင်မဆားလုပ်ငန်းသို့ ရောက်ရှိကြပြီး ဆားခါးကြမ်း ထုတ်လုပ်နေမှု၊ နေလှန်းဆားကြမ်း ခြစ်ကျုံးနေမှုနှင့် ဆားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ပငဆားလုပ်ငန်းရုံး၌ ပြည်နယ် မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း မန်နေဂျာက မွန်ပြည်နယ်အနေဖြင့် ယခင်နှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် ဆားချက်လုပ်ငန်းများမှ ဆားတန်ချိန် ၂၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ် ဒီဇင်ဘာလတွင် တန် ၈၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် ဆားကွင်းများမှ ဆားကြမ်း တန် ၄၅၀၀၀ ထုတ်လုပ်ခဲ့ပြီး ယခုနှစ် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တန် ၆၅၀၀၀ အထိတိုးမြှင့်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်းကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ်အပိုင်း မိုင်တိုင် အမှတ် ၂၄ မိုင်နှင့် ၂၅ မိုင်ကြားတွင် လမ်းပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ လမ်းအခြေအနေများနှင့် လမ်းဘေး ဝဲ၊ ယာရှိ ဖြစ်ထွန်းအောင်မြင်နေသည့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာရှိ ရွှေဥယျာဉ်ရော်ဘာ ပျိုးခင်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ရော်ဘာစိုက်ခင်း တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ရော်ဘာပျိုးခြံ၊ မျိုးကိုင်းပွားခင်းနှင့် ပလတ်စတစ် အိတ်စိုက် BPM(24) မျိုးသန့် ဖူးဆပ်ပျိုးပင်နမူနာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပင်မဆားလုပ်ငန်းတွင် ဆားခါးကြမ်း ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

လှည်းကူးမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

လှည်းကူးမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် အသက် (၈၀) အထက် အသင်းသား အသင်းသူများနှင့် မိဘများအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ မြို့နယ်မှ ပုဂ္ဂိုလ်များအား ဆုနှင်းပွဲကို ၂၀၀၉ခု ဇန်နဝါရီ၁၀ရက် (စနေနေ့) နံနက်၈နာရီမှ မွန်းတည့်၁၂နာရီ အထိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် လည်းကောင်း၊ လှည်းကူးမြို့တွင် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးအောင် ဖုန်း-၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄ နှင့် အသင်းရုံး တာဝန်ခံ ဖုန်း-၂၂၂၀၈၈ ၊ ဦးနေဝင်း ဖုန်း-၀၄၂-၈၀၂၈၉နှင့် ဦးတင်ဦး လှည်းကူးမြို့နယ်အသင်း အမှုဆောင်ထံသို့ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်တကွ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးလက်လမ်း ဂျင်းမြေခင်းခြင်းဆောင်ရွက်

ကနီ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း ကနီမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကျေးလက်လမ်းဂျင်းမြေခင်းခြင်း လုပ်ငန်း (မုဋ္ဌောရွာ အဝင်လမ်း) ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆိုင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၃ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၉ခုနှစ်မှ မြို့ပြဘာသာရပ်နှင့်အတူ စတင်ပညာသင်ကြားခဲ့ကြတဲ့ သူငယ်ချင်းများအားလုံးနှင့် ၁၉၈၃ခုနှစ် အတူတကွ ကျောင်းပြီးခဲ့ကြတဲ့ သူငယ်ချင်းများအားလုံး တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးမောင်မောင်တင်(အာလူး) ဖုန်း-၀၉-၅၀-၀၁၈၇၈၊ ဦးသိန်းဝင်း(ဒိုက်ဦး) ဖုန်း-၀၉-၅၁-၀၅၉၀၇၊ ဒေါ်ခင်စမ်း ဖုန်း-၅၃၄၀၀၆နှင့် ဒေါ်မူမူမြင့် ဖုန်း-၀၉-၅၁-၅၂၈၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

The Live News ဂျာနယ် အမှတ် (၁၁၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၅

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၂)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ ပိန်းမစားသော ပါးစပ်၊ မြင်းမူမောင်နိုင်မိုး၏ မကောင်းမှု ပညာနည်းသူ၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည် (၄)၊ ကိုကိုလှိုင်၏ ထိုင်းဝန်ကြီးချုပ် (သို့မဟုတ်) ဆူးကြားကဘူးခါး၊ သည်တောင်ကို မောင်ဖြိုနိုင်ပါ့မလား၊ ဦးကို၏ လမ်းပေါ်က အတွေးများ(၂၅) နောက်ကဖြတ်သူများ၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေး ယာဉ်များသမိုင်းကြောင်း(၄) (Private Car+Buses+Lorries)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၆)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ (၁၅)၊ မိုး (ပျဉ်းမနား)၏ လူဖြစ်ကျိုးနပ်ကြပါစေ၊ သစ်လွင်မိုး၏ အလုပ်အကိုင်ပေါင်း ၅၃၃၀၀၀ ပျောက်ဆုံးခဲ့ပြီဖြစ်တဲ့ အမေရိကန်စီးပွားရေးကျဆင်းမှုနှင့် ဥရောပ၊ အာရှဂယက်၊ အမေရိကန် ထမ်းပိုးအောက်မှရုန်းထွက်လာသည့် လက်တင်အမေရိက၊ မွမ်ဘိုင်းတွင် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူများအတွက် ဂါရဝပြုဆုတောင်း၊ ၂၀၀၈ခုနှစ်အတွက် ချီးမြှင့်မည့် ရွှေကမ္ဘာလုံးဆု ရှေ့ပြေးစာရင်း၊ တူညီစွာ ကျန်းမာရေးလိုက်စားသော အိုဘားမားတို့ဇနီးမောင်နှံ၊ ၂၀၀၉ နှစ်သစ်အတွက် အမျိုးသားအနုပညာရှင်များရဲ့ ရင်ခုန်သံ၊ ပင်လယ်ပျော် မင်းသား အပိုင်း ၅၉၊၆၀ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care (Distribution Service) အမှတ် ၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ သို့ မှာယူ ဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

ထို့အတူ အိမ်ထောင်ပြုမှုနောက်ကျပြီး အသက်အရွယ်ကြီးရင့်မှ သား သမီးရယူသည့် ဇနီးမောင်နှံများ၏ သားသမီးများသည် ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းတတ်ကြပြီး သားသမီးနှင့် မိဘဆက်ဆံရေး၌လည်း ကွာဟမှုရှိသဖြင့် ကလေးများမှာ လူမှုပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အဆင်မပြေတတ်ကြကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စိတ်ပိုင်းဆိုင်ရာချို့ယွင်း

အသက် ၄၀ မှ ၄၅ နှစ်အရွယ် ဇနီးမောင်နှံများ၏ သားသမီးများကို သုတေသနပြုလေ့လာခဲ့ရာ ၅၀ ရာခိုင်နှုန်းခန့်သည် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုရှိသော သားသမီးများမွေးဖွားတတ်ကြကြောင်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

● ကျောဖုံးမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရာ၌ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်မြှင့် လုပ်ဆောင်ရာတွင် စက်ရုံသစ်များ တိုးချဲ့တည်ထောင်နိုင်ရေး၊ လက်ရှိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊ စက်မှုဇုန်များ ထိရောက်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်သစ်များ တိုးချဲ့ထူထောင်နိုင်ရေးနှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် နိုင်ငံတော်က အလေးထား ဖြည့်ဆည်းပေးနေသည်။

သွင်းကုန်အစားထိုး

နိုင်ငံတော်က ခေတ်မီစက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံသစ်များကို စက်မှုနယ်မြေအလိုက် တိုးချဲ့ထူထောင်လျက်ရှိရာ ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ပြီးစီးသွားသည့် မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဖွင့်လှစ်ပေးခဲ့

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ပြီးစီးသွားသည့် မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ရက်က ဖွင့်လှစ်ပေးခဲ့သည်။

တိုးတက်လာ

သာဂရစက်မှုနယ်မြေသည် နိုင်ငံတော်အတွက် လိုအပ်သော မြေထိုး၊ မြေတူးယန္တရားများကို ထုတ်လုပ်ပေးနိုင်ခြင်းသည် သွင်းကုန်အစားထိုး ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေ သက်သာစေပြီး ပြည်တွင်းစက်မှုလုပ်ငန်း တိုးတက်ရရှိလာခဲ့သည်။

မြေထိုး၊ မြေတူးယန္တရား ထုတ်လုပ်မှုစက်ရုံ(သာဂရ)က မြင်းကောင်ရေ ၂၂၀အားရှိ SD 22-M အမျိုးအစားမြေထိုးစက်နှင့် မြင်းကောင်ရေ ၁၆၉ကောင်အားရှိ SC 220.7M အမျိုးအစား မြေတူးစက်တို့ကို ထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် မြေထိုးစက် အစီး၁၀၀နှင့် မြေတူးစက် အစီး၂၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည့် စက်ရုံဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မရမ်းကုန်း မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၉ ရက်က နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို အလက (၄) မရမ်းကုန်း၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်သိန်းတိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား မိသားစုဝင်လေးဦးသေဆုံး၊ ကလေးနှစ်ဦးဒဏ်ရာရရှိ

ဖလူးဂျာ ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက်ရှိ ဖလူးဂျာမြို့အနီးတွင် ဒီဇင်ဘာ ၂၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးနှင့် ၄င်း၏ကလေးသုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်နှင့် ဆေးဘက်ဆိုင်ရာ အရာရှိများက ပြောကြားခဲ့သည်။

ယင်းနေ့က ဖလူးဂျာမြို့ အရှေ့တောင်ဘက် ခြောက်မိုင်အကွာတွင် ရရာဖြင့်ဖြစ်သလို စီမံဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်း ပေါက်ကွဲခဲ့မှုကြောင့် အရပ်သူအမျိုးသမီးကြီးတစ်ဦးနှင့် ကလေးသုံးဦးသေဆုံးခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။ ထို့အပြင် ကလေးတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ထုတ်ဖော်ပြောကြား

ပေါက်ကွဲမှုတွင် သေဆုံးသူဦးရေမှာ လေးဦးဟုအတည်ပြုကြောင်း၊ သို့သော်လည်း ဒဏ်ရာရသူမှာ ကလေးနှစ်ဦးဖြစ်ကြောင်း ဖလူးဂျာဆေးရုံ၏ လက်ထောက်ဆေးရုံအကြီးအကဲ ဟာမက်ဒ်အဗ္ဗဒူလာအယ်လ်ဟာမာဒီက ထုတ်ဖော်ပြောကြားခဲ့သည်။

ရှာဖွေသိမ်းဆည်း

သေဆုံးသူများသည် အိမ်အတွင်း၌ရှိနေစဉ် ၄င်းတို့အိမ်၏အပြင်ဘက်တွင် ဗုံးပေါက်ကွဲ၍ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဒုတိယဗုံးတစ်လုံးကိုမူ မပေါက်ကွဲမီ ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆန့်ကျင်တိုက်ခိုက်

အီရတ်နိုင်ငံ အန်ဘာပြည်နယ်ရှိ ဖလူးဂျာမြို့သည် ၂၀၀၃ခုနှစ် မတ်လက အမေရိကန်တပ်ဖွဲ့များ အီရတ်သို့ဝင်ရောက် ကျူးကျော်ချိန်ကတည်းက ၄င်းတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်သည့် ဆွန်နီတိုက်ခိုက်ရေးသမားများ နေထိုင်လှုပ်ရှားရာ ဗဟိုချက်မဒေသဖြစ်သည်။

ပြန်လည်လွှဲပြောင်း

ဖလူးဂျာမြို့တွင် ၂၀၀၄ခုနှစ်က ဆူပူအကြမ်းဖက်မှုများကို အမေရိကန်တပ်ဖွဲ့များက လုံးလုံးလျားလျားနီးပါး ဖြိုဖျက်ပစ်ပြီးဖြစ်သည်။ သို့သော်လည်း အန်ဘာပြည်နယ်တွင် လုံခြုံရေးများတိုးတက်ကောင်းမွန်လာပြီးနောက် ယခုနှစ် စက်တင်ဘာ ၁ရက်၌ အီရတ်တပ်ဖွဲ့များက အမေရိကန်တပ်ဖွဲ့များလက်မှ ပြန်လည်လွှဲပြောင်းရယူခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀အကွာ ဖလူးဂျာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားကာ ဆေးရုံတွင် ကုသမှုခံယူနေရသည့် ကလေးငယ်နှစ်ဦးအား ၄င်း၏မိခင်နှင့်အတူ ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် လမ်းဘေးဗုံးပေါက်ကွဲ ရဲအကြီးအကဲ အပါအဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ မြို့တစ်မြို့တွင် ဒီဇင်ဘာ ၂၃ရက် နံနက်ပိုင်းက ရဲအကြီးအကဲ၏ ယာဉ်တန်းကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ရဲအကြီးအကဲနှင့် ရဲတပ်ဖွဲ့ဝင်လေးဦး အပါအဝင် စုစုပေါင်း ငါးဦးသေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်တစ်ခုက ပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၂၄ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

အဆိုပါ ဖြစ်ရပ်မှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ၄၀အကွာ တာမီယက်ချ်မြို့တွင် ယင်းမြို့အနီး မာရှာအဒါမြို့မှ ရဲအကြီးအကဲ၏ ယာဉ်တန်းကို လမ်းဘေးဗုံးထိမှန်ပေါက်ကွဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

အီရတ်နိုင်ငံတွင် မကြာသေးမီလများက လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်ခဲ့သော်လည်း ဗုံးပေါက်ကွဲတိုက်ခိုက်မှုများမှာ ပြတ်တောင်း ပြတ်တောင်း ဖြစ်ပေါ်လျက်ပင်ရှိသေးကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

ပါကစ္စတန်အရှေ့ပိုင်းလာဟိုး၌ ပေါက်ကွဲမှုများဖြစ်ပွား တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့တွင် ဒီဇင်ဘာ ၂၄ရက်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြား သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့သည်။

ကြေညာ

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၏ မြို့တော်လာဟိုးမြို့ ဂေါ်ရ်အရပ်တွင် ရပ်နားထားသော အရာရှိယာဉ်တစ်စီးအနီးတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒွန်းရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန် ကြေညာခဲ့သည်။

စုံစမ်းစစ်ဆေး

ကယ်ဆယ်ရေးအဖွဲ့များနှင့် လူနာတင်ယာဉ်များ အခင်းဖြစ်အရပ်သို့ ရောက်ရှိလာပြီး ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုများနှင့် ပတ်သက်ပြီးမည်သည့်အဖွဲ့ကမျှ ၄င်းတို့၏လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း၊ အခင်းဖြစ်အရပ်တွင် ပေါက်ကွဲမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် ဒီဇင်ဘာ ၂၄ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်းရှိ စားသောက်ဆိုင်တစ်ခု အပြင်ဘက်၌ ဒီဇင်ဘာ ၂၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲမှုဖြစ်ပွား

ယင်းစားသောက်ဆိုင်သည် နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်ဖြစ်ကာ နံနက်စာ စားသောက်ချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ဆောက်လုပ်ရေး လုပ်သားများမှာ ယင်းဆိုင်သို့ အများဆုံး လာရောက်စားသောက်ကြကြောင်း၊ ကားဗုံး ပေါက်ကွဲမှုကြောင့်အနီးအနားရှိဆိုင်များနှင့် ကားများလည်း ပျက်စီးသွားခဲ့ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးကုသပေးနေသည်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပူးပေါင်းစစ်ဆင်ရေးအဖွဲ့က အာဖဂန်တောင်ပိုင်း၌ ထိုးစစ်ဆင် တာလီဘန်လေးဦးသေဆုံး၊ လက်နက်အများအပြားသိမ်းဆည်းမိ

ကန္ဒဟာ ဒီဇင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူလ်ပြည်နယ်တွင် ဒီဇင်ဘာ ၂၄ရက်က တာလီဘန်များ နေထိုင်လှုပ်ရှားမှုများနှင့် အဆက်အသွယ်ရှိသည့်နေရာများကို အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆင်မှုပြုလုပ်ခဲ့ရာ တာလီဘန်လေးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဝင်ရောက်တိုက်ခိုက်

ဇာဘူလ်ပြည်နယ် ဆူရီခရိုင်ရှိ တာလီဘန်များ ပုန်းခိုနေသည်ဟု ယူဆရသောနေရာများကို ပစ်မှတ်ထားကာ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့က ယင်းနေ့နံနက် ဒေသစံတော်ချိန် ၁နာရီ မိနစ်၃၀တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း လက်ထောက်ပြည်နယ်ရဲ အကြီးအကဲ ဂူလမ်ဂျိုင်လာနီခန်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ပူးပေါင်းစစ်ဆင်ရေးအဖွဲ့သည် တာလီဘန်စစ်သွေးကြွများနှင့် တိုက်ပွဲဖြစ်ပွားကာ စစ်ဆင်ရေးအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဒေသဆိုင်ရာ တာလီဘန်အကြီးအကဲ မူလာအဆက်ဒူလာ အပါအဝင် တာလီဘန်လေးဦး သေဆုံးခဲ့ကြောင်း ဂျိုင်လာနီခန်က ဆက်လက်ပြောကြားသည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့က အဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေရာ ပီကေအမ်စက်သေနတ် တစ်လက်၊ အေကေ -၄၇ မောင်းပြန်ရိုင်ဖယ်မျိုးစုံ၊ လမ်းဘေးဗုံးဖောက်ခွဲရာတွင် အသုံးပြုလေ့ရှိသော ယမ်းကပ်များနှင့် ဝိုင်ယာကြိုးများ၊ခဲယမ်းများ အပြည့်ပါဝင်သော ယမ်းခါးပတ်များကို သိမ်းဆည်းရမိခဲ့ကြောင်း နောက်ပိုင်းတွင် နိုင်ငံစုံတပ်ဖွဲ့က အတည်ပြုခဲ့သော သတင်း တစ်ရပ်တွင် ဖော်ပြသည်။

(အင်တာနက်)

ဂျပန်လေတပ် အီရတ်အဖွဲ့မှ အပြီးဆုတ်ခွာ

တိုကျို ဒီဇင်ဘာ ၂၅

အီရတ်တွင် တာဝန်ပေးစေလွှတ်ထားသော ဂျပန်နိုင်ငံ၏အဓိက လေကြောင်းကာကွယ်ရေးတပ်ဖွဲ့ (အေအက်စ်ဒီအက်ဖ်)မှ တပ်ဖွဲ့ဝင်များအားလုံးသည် ဒီဇင်ဘာ ၂၃ရက်က နောက်ဆုံးအပြီးသတ် ရုပ်သိမ်းသည့်အသုတ်အဖြစ် ဂျပန်နိုင်ငံသို့ ပြန်လာခဲ့ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အေအက်စ်ဒီအက်ဖ်တပ်ဖွဲ့ဝင် ၁၄၀သည် ယင်းနေ့စောစောပိုင်းက ကူဝိတ်တွင် ယာယီစခန်းချထားသော ကူဝိတ်နိုင်ငံ အလီအယ်လ်ဆာလင်မ်လေတပ် အခြေစိုက်စခန်းမှ ထွက်ခွာခဲ့ပြီး ဂျပန်နိုင်ငံရှိ ၄င်းတို့၏ ကိုမာကီလေတပ် အခြေစိုက်စခန်းရှိရာ အီချီစီရင်စုရှိ နာဂိုယာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၈နာရီခွဲ၌ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းတပ်ဖွဲ့ဝင်များသည် အီရတ်မှဆုတ်ခွာကာ ဒီဇင်ဘာ ၁၅ရက်က ကူဝိတ်တွင် ယာယီစခန်းချထားပြီး ယခုကဲ့သို့ ရုပ်သိမ်းခဲ့ခြင်းဖြင့် လေးနှစ်နှင့်ကိုးလကြာမြင့်ခဲ့သော ဂျပန်မှအီရတ်သို့ သွားရောက်ခဲ့သည့် ဂျပန်လေတပ်၏ခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘောဒီးယားဘုရင့်နိုင်ငံ ဆိုသည်မှာ . . . .

သတင်းအက်ဆေး

ကမ္ဘောဒီးယားဘုရင့်နိုင်ငံသည် အရှေ့တောင်အာရှ အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၌ နှစ်အတန်ကြာ ပြောက်ကျားစစ်ပွဲ ဆင်နွှဲပြီးနောက် ၁၉၇၅ခုနှစ်တွင် ပိုပေ့ဦးဆောင်သည့် ခမာနီအစိုးရအာဏာရလာသည်။ ခမာနီအစိုးရ သုံးနှစ်ကြာ အုပ်စိုးစဉ် ကမ္ဘောဒီးယားပြည်သူ ၁ဒသမ၇သန်းမျှ အသက်ဆုံးရှုံးခဲ့ရသည်။

စတင်တိုက်ခိုက်

၁၈၆၃ခုနှစ်တွင် ဤနိုင်ငံမှာ ပြင်သစ်၏အထိန်းသိမ်းခံနိုင်ငံဖြစ်လာသည်။ နှစ်ပေါင်း ၉၀ကြာမျှ ပြင်သစ်လက်အောက်ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ်တွင် မင်းသားကြီးနိုရိုဒွန်သီဟာနုဘုရင် ဖြစ်လာသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တို့သိမ်းပိုက်သည်။ ၁၉၄၅ခုနှစ်တွင် ဂျပန်အုပ်ချုပ်အပြီး ပြင်သစ်တို့ပြန်လည်အုပ်ချုပ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုသည်။ ပြင်သစ်တို့ကို ကွန်မြူနစ်ပြောက်ကျားများက လက်နက်ကိုင်၍ စတင်တိုက်ခိုက်သည်။ ၁၉၅၃ခုနှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရသည်။ ဘုရင်သီဟာနုလက်အောက်မှ ဤနိုင်ငံသည် ကမ္ဘောဒီးယား ဘုရင့်နိုင်ငံ ဖြစ်လာခဲ့သည်။

နတ်ရွာစံ

၁၉၅၅ခုနှစ်တွင် သီဟာနုသည် ထီးနန်းစွန့်ပြီး နိုင်ငံရေးသမားဘဝခံယူသည်။ သူ့ခမည်းတော်က ဘုရင်ဖြစ်လာပြီး သူကဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၀ပြည့်နှစ်တွင် သီဟာနု၏ ခမည်းတော်ဘုရင်ကြီး နတ်ရွာစံသောအခါ သီဟာနုသည် နိုင်ငံတော်အကြီးအကဲ ဖြစ်လာခဲ့သည်။

စခန်းချ

၁၉၆၅ခုနှစ်တွင် သီဟာနုက အမေရိကန်နိုင်ငံနှင့် အဆက်ဖြတ်လိုက်သည်။ တောင်ဗီယက်နမ်ရှိ အမေရိကန်ထောက်ခံသည့် အစိုးရကို တိုက်ခိုက်ရေးအတွက် မြောက်ဗီယက်နမ်ပြောက်ကျားများကို ကမ္ဘောဒီးယားနိုင်ငံအတွင်း စခန်းချခွင့်ပေးသည်။ ၁၉၆၉ခုနှစ်တွင် ကမ္ဘောဒီးယားမြေပေါ်ရှိ မြောက်ဗီယက်နမ်တပ်များကို အမေရိကန်က စတင်ဗုံးကြဲတိုက်ခိုက်သည်။

၁၉၇၀ ပြည့်နှစ်တွင် သီဟာနု ပြည်ပရောက်ခိုက် ပြည်တွင်း၌ အာဏာသိမ်းလိုက်သည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးလုံနိုးက အာဏာသိမ်းပြီးနောက် နိုင်ငံကို ခမာသမ္မတနိုင်ငံဟု ကြေညာလိုက်သည်။ ထို့ပြင် ကမ္ဘောဒီးယားရှိ မြောက်ဗီယက်နမ်တပ်များကို တိုက်ထုတ်ရန် တပ်ဖွဲ့ဝင်များစေလွှတ်သည်။ တရုတ်နိုင်ငံရောက် သီဟာနုက ပြောက်ကျားလှုပ်ရှားမှုအဖွဲ့ ဖွဲ့စည်းသည်။

အသက်ဆုံးရှုံး

၁၉၇၀ပြည့်လွန်နှစ်များ အစောပိုင်းတွင် ကမ္ဘောဒီးယားစစ်တပ်မှ မြောက်ဗီယက်နမ်တပ်များနှင့် ကွန်မြူနစ်ခမာနီပြောက်ကျားစသည့် ရန်သူနှစ်မျိုးနှင့် ရင်ဆိုင်ရသည်။ ၁၉၇၅ခုနှစ်တွင် ပိုပေ့ဦးဆောင်သည့် ခမာနီတို့က ဖနောင်ပင်မြို့တော်ကိုသိမ်းပြီး လုံနိုးကို ဖယ်ရှားလိုက်သည်။ သီဟာနုမှာ နိုင်ငံတော်အကြီးအကဲ ခေတ္တဖြစ်လာပြီး နိုင်ငံကို ကမ်ပူချေးနိုင်ငံဟု အမည်မှည့်လိုက်သည်။ မြို့နေပြည်သူအားလုံး လယ်ယာလုပ်ငန်းခွင်သို့ ဆင်းရန် အဓမ္မနည်းဖြင့် ကျေးလက်သို့ပို့သည်။ ထောင်ပေါင်းများစွာသော ပညာတတ်လူလတ်တန်းစားပြည်သူတို့ကို အထူးစခန်းများတွင် ညှဉ်းပန်းနှိပ်စက်၊ ကွပ်မျက်ပစ်သည်၊ အချို့လည်းရောဂါဘယနှင့် အစာငတ်၍ စုစုပေါင်းပြည်သူ ၁ ဒသမ ၇သန်းမျှ သုံးနှစ်အတွင်း အသက်ဆုံးရှုံးခဲ့ကြရသည်။

ထူထောင်

၁၉၇၆ခုနှစ်တွင် ဤနိုင်ငံကို ဒီမိုကရက်တစ်ကမ်ပူချေးနိုင်ငံဟု အမည်ပြောင်းသည်။ သီဟာနု ရာထူးမှနုတ်ထွက်သောအခါ ခယူဆမ်ဖန်နိုင်ငံတော် အကြီးအကဲ ဖြစ်လာသည်။ ပိုပေ့က ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၇ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် စစ်ဖြစ်သည်။ ၁၉၇၉ခုနှစ်တွင် ဖနောင်ပင်မြို့တော်ကို ဗီယက်နမ်ကသိမ်းသည်။ ပိုပေ့နှင့် ခမာနီတပ်များလည်းထိုင်းနယ်စပ်သို့ထွက်ပြေးသည်။ ထိုအခါ ပြည်သူ့ကမ်ပူချေးသမ္မတနိုင်ငံကို ထူထောင်သည်။

၁၉၈၁ခုနှစ် ရွေးကောက်ပွဲတွင် ဗီယက်နမ်လိုလားသည့် ကမ်ပူချေး ပြည်သူ့တော်လှန်ရေးပါတီက အနိုင်ရသည်။ အစိုးရသစ်ကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုရန် ငြင်းဆိုသည်။ ခမာနီနှင့် သီဟာနုပါဝင်သည့် အဝေးရောက်အစိုးရက ကုလသမဂ္ဂတွင် အဖွဲ့ဝင်နေရာကို ရယူထားသည်။

၁၉၈၅ခုနှစ်တွင် ဟွန်ဆန်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၈၉ခုနှစ်တွင် ဗီယက်နမ်တပ်များရုပ်သိမ်းသည်။ ဟွန်ဆန်က ဆိုရှယ်လစ်စနစ်ကို စွန့်လွှတ်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေးကြိုးပမ်းသည်။ နိုင်ငံကိုလည်း ကမ္ဘောဒီးယားနိုင်ငံဟု မှည့်ခေါ်လိုက်သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြန်လည်ပြဋ္ဌာန်းသည်။

နေရာပျောက်

၁၉၉၁ ခုနှစ်တွင် ပါရီ၌ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးသည်။ အာဏာခွဲစေသောအခါ သီဟာနုနိုင်ငံတော် အကြီးအကဲဖြစ်လာပြန်သည်။ ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲတွင် တော်ဝင်ဖန်စင်ပက်ပါတီက ထောက်ခံမဲအများဆုံးရပြီး ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)က ဒုတိယလိုက်သည်။ သုံးပါတီညွန့်ပေါင်းအစိုးရဖွဲ့သည်။ ဖန်စင်ပက်ပါတီမှ မင်းသားနိုရိုဒွန်ရာနာရစ်သ်က ဝန်ကြီးချုပ်၊ ဟွန်ဆန်က ဒုတိယဝန်ကြီးချုပ်ဖြစ်လာသည်။ ဘုရင်စနစ် ပြန်လည်ကျင့်သုံးသဖြင့် သီဟာနု ဘုရင်ပြန်ဖြစ်လာသည်။ နိုင်ငံကိုလည်း ကမ္ဘောဒီးယားဘုရင့်နိုင်ငံဟု မှည့်ခေါ်သည်။

အပြစ်ပေး

၁၉၉၇ ခုနှစ်တွင် ဝန်ကြီးချုပ်ရာနာရစ်သ်အား ဟွန်ဆန်က ဖယ်ရှားအာဏာသိမ်းသည်။ အာဆီယံဝင်ရေး နှောင့်နှေးစေသည်။ ခမာနီအဖွဲ့က ပိုပေ့အားတရားစီရင်ပြီး တစ်သက်တစ်ကျွန်း ထောင်ဒဏ်အပြစ်ပေးသည်။ ၁၉၉၈ခုနှစ်တွင် ပိုပေ့တောတွင်း၌ သေဆုံးသွားသည်။ ထိုနှစ်ရွေးကောက်ပွဲတွင် ဟွန်ဆန်၏ စီပီပီပါတီအနိုင်ရသည်။ ဟွန်ဆန် ဝန်ကြီးချုပ်ဖြစ်လာသည်။ ရာနာရစ်သ်လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

၂၀၀၃ခုနှစ် ရွေးကောက်ပွဲတွင် စီပီပီပါတီပင် အနိုင်ရသော်လည်း အစိုးရမဖွဲ့နိုင်၊ တစ်နှစ်နီးပါးလိပ်ခဲတည်းလည်းဖြစ်ပြီးမှ ဝန်ကြီးချုပ်ဟွန်ဆန် ပြန်လည်အရွေးခံရသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဘုရင်သီဟာနု နန်းစွန့်သဖြင့် သားတော် နိုရိုဒွန်သီဟာမိုနီ နန်းတက်သည်။ ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ခမာနီထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ တာမော့ အသက်(၈၀) သေဆုံးသည်။

၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ခမာနီတို့၏ မျိုးဖြုတ်သတ်ဖြတ်မှုကို ခုံရုံးက ပထမဆုံးလူသိရှင်ကြား ကြားနာစစ်ဆေးသည်။

၂၀၀၈ခုနှစ် ဇူလိုင်လရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆန်၏ စီပီပီပါတီ အနိုင်ရသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

> **ကမ္ဘောဒီးယားဘုရင့်နိုင်ငံသည် အရှေ့တောင်အာရှ အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသတွင် တည်ရှိ၊ ဤနိုင်ငံ၌ နှစ်အတန်ကြာ ပြောက်ကျားစစ်ပွဲ ဆင်နွှဲပြီးနောက် ၁၉၇၅ခုနှစ်တွင် ပိုပေ့ ဦးဆောင်သည့် ခမာနီအစိုးရအာဏာရလာ၊ ခမာနီအစိုးရ သုံးနှစ်ကြာအုပ်စိုးစဉ် ကမ္ဘောဒီးယားပြည်သူ ၁ဒသမ၇သန်းမျှ အသက်ဆုံးရှုံးခဲ့ရ။**

အာကာသသိပ္ပံ

ပါးလွှာလာသော ကမ္ဘာ့အပေါ်ယံ လေထုလွှာ



ကမ္ဘာ့အပေါ်ယံလေထုသည် တဖြည်းဖြည်းနှင့် ပါးလွှာလာကြောင်း အမေရိကန် သုတေသနပညာရှင်များက လွှတ်တင်ထားသော ဂြိုဟ်တုမှပေးပို့သည့် သတင်းနှင့်ဓာတ်ပုံများ၌ ဖော်ပြထားသည်။

ပါးလွှာ

လောလောဆယ် အနေအထားအရ ကမ္ဘာ့အပေါ်ယံ လေထုလွှာသည် ကီလိုမီတာ ၄၂၀ခန့်ရှိနေရာ မူလကထက် ကီလိုမီတာ ၂၀၀ ပါးလွှာသွားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

လေထုလွှာ၏ ပြောင်းလဲမှုဖြစ်စဉ်ကို ရေဒါများနှင့်ဆက်သွယ်ရေး ဂြိုဟ်တုများမှ အချိန်နှင့်တစ်ပြေးညီ ရိုက်ကူးပေးလျက်ရှိရာ ရာသီဥတုပြောင်းလဲမှုနှင့် လေထုလွှာ၏ ပြောင်းလဲမှုအနေအထားများကို ဂြိုဟ်တုမှပေးပို့သော ဓာတ်ပုံမှတ်တမ်းများအရ သိရသည်။

ပြောကြား

ကမ္ဘာ့မျက်နှာပြင် လေထုလွှာပါးလွှာမှု တဖြည်းဖြည်းဖြစ်ပေါ်လာရခြင်းမှာ ကမ္ဘာ့ရာသီဥတုအပူချိန် နှစ်စဉ်မြင့်တက်လာမှုကြောင့် အဓိကအချက်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ဘဝအမောပြေ

အကြံကောင်းလိုက်ပုံက ....

လူကုံထံ ညစာစားပွဲတစ်ခု၌ အမျိုးသမီးတစ်ဦးဝတ်ဆင်လာသော စိန်လက်စွပ်ကြီးမှာ အလွန်လှပသဖြင့် အမျိုးသမီးများက္ကန်ရွှေမထိန်းနိုင်စွာ တောင်းယူကြည့်ကြရာမှ စိန်လက်စွပ်ကြီး ပျောက်ဆုံးသွားခဲ့လေသည်။ ထိုအခါ ဧည့်ခံပွဲကျင်းပသူက အောက်ပါအတိုင်းမေတ္တာရပ်ခံလေသည်။

ဧည့်ခံပွဲကျင်းပသူ ။ ။ ကျေးဇူးပြုပြီး ကျွန်တော့်ပြောစကားလေးနားထောင်ပေးကြပါခင်ဗျာ။

ပရိသတ် ။ ။ အားလုံးငြိမ်သက်သွားကြသည်။

ဧည့်ခံပွဲကျင်းပသူ ။ ။ အခုအခမ်းအနားတက်ရောက်လာတဲ့ မစ္စရိုစီရဲ့ စိန်လက်စွပ်ကြီး မတော်တဆ ပျောက်ဆုံးသွားခဲ့ပါတယ်။

ပရိသတ် ။ ။ ငြိမ်သက်စွာနားထောင်နေကြပြန်သည်။

ဧည့်ခံပွဲကျင်းပသူ ။ ။ "အမှတ်တမဲ့ ပျောက်ဆုံးသွားတာဖြစ်လို့ တွေ့ရှိထားသူများ ပိုင်ရှင်ကို အလွယ်တကူ ဘယ်သူမှ မသိနိုင်ဘဲ ပြန်ပေးနိုင်အောင် ငွေဖလားကြီးတစ်လုံး ဟောဒီစားပွဲပေါ်မှာ ချထားပေးပါ့မယ်။ ပြီးရင်လျှပ်စစ်မီး ခေတ္တပိတ်ပေးပါမယ်" ဟု ပြောပြီး ငွေဖလားကြီးကို ချထားကာ မီးများပိတ်လိုက်လေသည်။ ခေတ္တအကြာတွင် မီးပြန်ဖွင့်လိုက်ရာ စားပွဲပေါ်၌ ငွေဖလားကြီးပါမရှိတော့ချေ။

ဧည့်ခံပွဲကျင်းပသူ ။ ။ "ဟိုက်"

အင်တာနက်ကျန်းမာရေး

တေးဂီတသံစဉ်များ နားထောင်ခြင်းသည် သွေးအတွင်း ကိုယ်လက်စထရောကျဆင်းနိုင်

တေးဂီတ သံစဉ်များနားထောင်ခြင်းသည် သွေးအတွင်း၌ရှိသော ကိုယ်လက်စထရောပမာဏကို လျှော့ကျစေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်အသစ်တစ်ရပ်၌ ဖော်ပြထားသည်။

သုတေသနပြု

တေးဂီတသံစဉ်များ နားထောင်ခြင်းကြောင့် သွေးအတွင်း၌ ကိုလက်စထရော ကျဆင်းစေခြင်းမှာ သွေးကလာပ်စည်းများအတွင်း နိုက်ထရစ်အောက်ဆိုက်များဖြစ်ပေါ်မှု ပိုမိုများပြားစွာ ဖြစ်ပေါ်စေခြင်းကြောင့်ဖြစ်ကြောင်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

ထိုသို့ နိုက်ထရစ်အောက်ဆိုက်များ ဖြစ်ပေါ်ခြင်းကြောင့် သွေးအတွင်း ကိုယ်လက်စထရောကျဆင်းစေကာ သွေးကြောပိတ်ဆို့မှုကို ကာကွယ်တားဆီးပေးနိုင်ကြောင်း သိရသည်။

သာယာနာပျော်ဖွယ်ကောင်းသော တေးဂီတသီချင်းများ နားထောင်လေ့ရှိသူများ၏ သွေးစီးဆင်းမှုသည် သာမန်ထက် ၂၆ရာခိုင်နှုန်းခန့်တိုးမြင့်လာစေကြောင်း၊ သို့သော် ခေတ်ပေါ်တေးဂီတသံစဉ်များမှာမူ ၆ ရာခိုင်နှုန်းခန့်သာ သွေးလှည့်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်စေကြောင်း သိရသည်။

ဘဝဒဿန

- *Apply yourself both now and in the next life. Without effort, You cannot be prosperous. Though the land be good., You cannot have a abundant crop. without cultivation.*

❒ *ယခုလက်ရှိ ပစ္စုပ္ပန်ဘဝနှင့် လာမည့် အနာဂတ်ဘဝနှစ်ခုစလုံးအတွက် သင့်ကိုယ်သင်အားကိုးပါ။ ကြိုးစားအားထုတ်မှုမရှိပါက သင့်အနေဖြင့် မကြီးပွား မတိုးတက်နိုင်ချေ။ မြေဩဇာကောင်းသော မြေကြီးပင်ဖြစ်လင့်ကစား ထွန်ယက်စိုက်ပျိုးခြင်းမရှိဘဲ အောင်မြင်ဖြစ်ထွန်းသော ကောက်ပဲသီးနှံများကို အလိုအလျောက် ရရှိခံစားနိုင်မည် မဟုတ်ပါချေ။*

ပလေတို

(ဂရိလူမျိုးစာရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

26-12 (05).pmd 1 12/26/2008, 1:35 AM

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။
၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒီဇင်ဘာ၂၃ရက်က ရန်ကုန်မြို့ရှိ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ အင်တာနက်စခန်းနှင့် အော်တိုအိတ်ချိန်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့စခန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လှိုင်မြို့နယ်ရှိ Myanmar Info Tech အစည်းအဝေးခန်းမ၌ကျင်းပသော ကွန်ပျူတာသုံးမြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာအင်ဖိုတက်ခ်တို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းအဖွဲ့၊ ကွန်ပျူတာသုံး ဘာသာပြန်နှင့် သိမှတ်စနစ်လုပ်ငန်းအဖွဲ့၊ ကွန်ပျူတာသုံး မြန်မာစာ အဘိဓာန်လုပ်ငန်းအဖွဲ့၊ စံသတ်မှတ်ရေးနှင့် အသုံးချရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေး တင်ပြချက်များအပေါ် ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောင်ကြီး အလက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်း(အရှေ့)ညောင်လေးပင်မြို့နယ် သောင်ကြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက် နံနက် ၉နာရီတွင်ကျောင်းခန်းမ၌(၆)ကြိမ်မြောက်ကျင်းပမည်ဖြစ်ရာ ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအကျိုးတော်ဆောင်နာယက ရန်ကုန်မြို့နေ ဦးကျော်ဝ၊ ဦးခင်ဝင်းတို့ ဦးဆောင်၍ ကျေးရွာရှိစေတနာရှင်များ စုပေါင်းပြီး အနီးပတ်ဝန်းကျင်ကျေးရွာ အမက(၅) ကျောင်းမှ ဆုရ ကျောင်းသားကျောင်းသူများကိုပါ ပညာရည်ချွန်ဆုချီးမြှင့်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(မြို့နယ်ပညာရေး)**

မိုးရာသီ သီးနှံထုတ်လုပ်မှု လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး ဒီဇင်ဘာ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၂၈ခုမှ တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့သော ၂၀၀၈ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၇ရက် နံနက်၈နာရီခွဲက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပဲခူးတိုင်းဘဏ်ခွဲ ပဲခူးမြို့၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားခဲ့သည်။ အခမ်းအနားသို့ ရုံးချုပ်မှ (ပဲခူးတိုင်း ချေးငွေကြီးကြပ်) ဒုတိယအထွေထွေမန်နေဂျာ ဦးချစ်သိမ်း၊ ပဲခူးတိုင်း မန်နေဂျာ ဒေါ်နုနုအေးနှင့် မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ပဲခူးတိုင်းအတွင်း မြို့နယ်ဘဏ်ခွဲ ၂၈ခု (သံတောင်မြို့နယ်) အပါအဝင်မှ တောင်သူလယ်သမားများသို့ ၂၀၀၈ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ၁၃၂၈၂ ဒသမ ၄၂ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ ၁၉၈၈(၉၁)ပညာသင်နှစ် ဥပဒေတွဲရ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၁ရက် နံနက် ၈နာရီက **Grand Mee Ya Hta Executive Residences TOKYO** စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားသည်။

အဆိုပါ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဥက္ကဋ္ဌဦးဘတင့်ဆွေ ဖုန်း-၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁(ရုံး)၊ မန္တလေးမှ ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဒွေးအိ ဖုန်း-၀၉-၅၀-၀၉၀၃၉၊ ဒေါ်ထားထား ဖုန်း-၀၂-၆၆၇၇၂၊ ဒေါက်တာနုနုရီ ဖုန်း-၅၈၄၂၁၆နှင့် ဦးမျိုးသွင် ဖုန်း-၀၂-၆၀၃၉၁၊ နေပြည်တော် ပျဉ်းမနား ဦးလှဝင်း ဖုန်း-၀၆၇-၂၂၀၆၂၊ တောင်ကြီး ဦးသောင်းနိုင် ဖုန်း-၀၃၄-၃၂၀၉၆၊ တောင်ငူ ဒေါက်တာခင်ချစ်ချစ် ဖုန်း-၀၉-၅၃-၅၀၉၅၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၄-၂၃၆၈၆၊ ၀၅၄-၂၄၄၁၇၊ တောင်ကြီး ဦးဝင်းဦး ဖုန်း-၀၈၁-၂၂၈၆၇၊ ပဲခူး ဦးစိုးလွင် ဖုန်း-၀၉-၅၃-၀၀၅၄၆၊ သထုံနှင့် မော်လမြိုင် ဒေါ်သဇင်စိုး ဖုန်း-၀၅၇-၄၀၀၁၉တို့အပြင် ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁-၁၃၈၃၃၊ ဒေါ်ခင်သင်းဝေ ဖုန်း-၀၉-၅၁-၄၄၈၁၂၊ ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀-၀၆၇၆၉၊ ဒေါ်ချိုချိုဇင် ဖုန်း-၀၉-၅၀-၁၇၉၁၉၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၁-၈၉၄၃၈၊ ဦးထိန်လင်းဦး ဖုန်း-၀၉-၈၀-၂၃၉၃၅၊ ဒေါ်ပြုံးပြုံးအေး ဖုန်း-၀၉-၅၁-၆၀၆၉၀၊ ဒေါ်မေထွန်းထွန်းအေး ဖုန်း-၇၀၄၁၆၈၊ ဒေါ်ရီမာသန့် ဖုန်း-၀၉-၅၀-၁၇၅၀၂၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀-၁၃၃၃၈၊ ဒေါက်တာမြင့်သူမြိုင် ဖုန်း-၀၉-၅၀-၃၄၉၅၉၊ ဒေါ်တင်တင်သက် ဖုန်း-၆၄၄၇၃၅၊ ပုသိမ် ဦးအောင်မြင့် ဖုန်း-၀၄၂-၂၄၃၈၁နှင့် ပြည် ဦးဝင်းရွှေ ဖုန်း-၀၅၃-၂၁၄၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ရဲချုပ်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(၁၉)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်နယ်/တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့ ကျောင်းများမှ အသင်း ၂၂သင်း၊ တပ်ဖွဲ့ဝင် အားကစားသမား ၃၄၈ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့သိုင်း တံခွန်စိုက်ဆုကို ရဲတပ်ရင်းများ ကွပ်ကဲမှုအသင်းကလည်းကောင်း၊ ကရာတေးဒိုနှင့် တိုက်ကွမ်ဒို တံခွန်စိုက်ဆုကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ အသင်းကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ စွမ်းဆောင်ရည်ဆုနှင့်ဝန်ထမ်းထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် မြို့နယ်စွမ်းဆောင်ရည်ဆု၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းထောက်ပံ့ငွေနှင့် ဝတ်စုံများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ခရိုင်မော်တော်ယာဉ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးသန့်က ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၈ခုနှစ် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုလက်အောက်ရှိ မြို့နယ်များမှ မြို့နယ်စွမ်းဆောင်ရည်ဆုရရှိသော ပထမ ကျောက်တန်း၊ ဒုတိယ ကွမ်းခြံကုန်း၊ တတိယ ခရမ်း၊ နှစ်သိမ့်ဆု တွံတေးမြို့နယ်၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းထောက်ပံ့ငွေနှင့်ဝတ်စုံများကို ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသောင်းရှိန်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများအား ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်ခင်ခင်အေး အသက်(၆၉)နှစ်ပြည့်မွေးနေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သစ်စက်များမှထွက်ရှိသော လွှစာမှုန့်များ စနစ်တကျသန့်စင် နိုင်ငံတကာအဆင့်မီ မီးသွေးတောင့်များထုတ်လုပ်

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် ဒီဇင်ဘာ ၂၂ ရက်က အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းရှိ HI-Y မိဘမျိုးရင်းကြက်မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တစ်နေ့လျှင် တန် ၂၀ ကျ အစာကြိတ်စက်ရုံအတွင်း တိုင်းစစ်ဌာနချုပ်မှ ထွက်ရှိသော ကုန်ကြမ်းသီးနှံများကို မွေးမြူရေးအစာထုတ်လုပ်နေမှုနှင့် စနစ်တကျ ထုပ်ပိုးနေမှုများ၊ ကြက်ကြီးစာ၊ ကြက်ငယ်စာထုပ်ပိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏(အမိုက်ထဲကရွှေ) အဆင့်မြင့်မီးသွေးထုတ်စက်ရုံအတွင်း သစ်စက်များမှ ထွက်ရှိသော တန်ဖိုးမဲ့လွှစာမှုန့်များကို စနစ်တကျသန့်စင်ပြီး အခြောက်ခံကာ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့် မီးသွေးတောင့်များထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အဆင့်မြင့် ကြက်ဥဖောက်စက်ကိုလည်းကောင်း၊ ဖရီးရှန် နို့စားနွားမွေးမြူရေးခြံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျိုင်းတုံမြို့ ရေပေးရေးလုပ်ငန်းဖြစ်သော ဟွေဖြန်း ရေထွက်ပင်ရင်းကို ဒီဇင်ဘာ ၉ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မန္တလေးတိုင်း ၂၀၀၈ခုနှစ် ဒီဇင်ဘာ (ပထမပတ်) ပြည်သူ့အားကစားလ လူထုလမ်းလျှောက်ပွဲတွင် ပြည်သူနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ဒီဇင်ဘာပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်း ၂၀၀၈ခုနှစ် ဒီဇင်ဘာလ(ပထမပတ်) လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၅နာရီခွဲက မန္တလေးနန်းမြို့ ၂၆လမ်းနှင့် ၇၃လမ်းထောင့် မင်္ဂလာတံတားထိပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ စုပေါင်းလူထုလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲသည်။

ဆင်နွှဲ

ရှေးဦးစွာ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် ပြည်သူများသည် ၂၆လမ်းနှင့် ၇၃လမ်းထောင့်ရှိ စုရပ်နေရာမှစတင်၍ ၂၆လမ်းအတိုင်း အရှေ့ဘက်သို့၄င်းမှ၆၆လမ်းအတိုင်း ၁၉လမ်း နန်းရှေ့ရန်နှင်တံတားအထိ စုပေါင်းလူထုလမ်းလျှောက်ပွဲကို တပျော်တပါးဆင်နွှဲကြသည်။

ကျင်းပသွားမည်

မန္တလေးတိုင်း ၂၀၀၈ခုနှစ် ဒီဇင်ဘာလ စုပေါင်းလူထုလမ်းလျှောက်ပွဲများကို ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောက်ဆုံးပေါ် အိပ်ခန်းအသုံးအဆောင်များ အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

Casabella Luxury Home Furnishing Centre နောက်ဆုံးပေါ် အိပ်ခန်းအသုံးအဆောင်များ အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ်(၂၂)ရှိ အဆိုပါအရောင်းပြခန်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Nat Ray Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာက အရောင်းပြခန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား အရောင်းပြခန်းအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

Casabella Luxury Home Furnishing Centre တွင် Dunlopillo, Lorenzo, Osim, Kettler, Aussino, EURO, WMF နှင့် Breathe စသည့် ကုန်အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သည့် မွေ့ရာနှင့် အိပ်ခန်းအသုံးအဆောင်ပစ္စည်းများ၊ ခေတ်မီကျန်းမာရေး အထောက်အကူပစ္စည်းများ၊ နံရံအလှဆင် Wallpaper စသည့် ကုန်ပစ္စည်းများ၏ နောက်ဆုံးပေါ်ဒီဇိုင်းများကို ရောင်းချပေးသွားမည်ဖြစ်သည်။

အရောင်းပြခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် Lucky Draw အစီအစဉ်ဖွင့်လှစ်ပေးပြီး ဒီဇင်ဘာ ၂၁ရက်မှစ၍ ဒီဇင်ဘာ၃၁ရက်အထိ လာရောက်ဝယ်ယူ အားပေးသူများကို Special Discount ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်လှစ်

Customer အနေဖြင့် မိမိတို့၏ နေအိမ်ကိုအလှဆင်ရန်အတွက် နေအိမ်နှင့်လိုက်ဖက်မည့် အိမ်အသုံးအဆောင်ပစ္စည်းများဝယ်ယူရာတွင် ကမ္ဘာ့နာမည်ကြီး ကုန်အမှတ်တံဆိပ်များ၏ နောက်ဆုံးပေါ်ဒီဇိုင်းများကို ပြည်ပသို့ မှာယူစရာမလိုဘဲ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း အလွယ်တကူရရှိနိုင်ရန်အတွက် အထူးဝန်ဆောင်မှုပေးသည့်အနေဖြင့် Casabella Centre ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

Casabella Centre အနေဖြင့် ကုန်ပစ္စည်းအရည်အသွေး၊ထူးခြားဆန်းပြားသည့် ဒီဇိုင်း၊ အကောင်းဆုံးသောဝန်ဆောင်မှုနှင့် ဝယ်ယူအားပေးသူများ စိတ်ကျေနပ်မှုရရှိစေရေးတို့ကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့်အသက်ကယ်ပါ

အိန္ဒိယရုပ်ရှင်ကားသစ် DOSTANA ရုံဝင်လာ အကယ်ဒမီရွှေ့ ရုံလေးရုံတွင် ဆက်လက်ပြသနေ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၂၅

သူငယ်ချင်းများ၏ အချစ်ကို ဖော်ကျူးထားသော အင်္ဂလိပ်စာတန်းထိုး အိန္ဒိယ အချစ်ဟာသ ဇာတ်မြူးကား **Dostana** မှာ ရွှေ့ဆောင်ရုံတွင် ယနေ့ ရုံဝင်လာသည်။

အဘီးရှက်ဘာဂျမ်းနှင့် ဂျွန်အီဗရာဟင်တို့ သူငယ်ချင်းနှစ်ဦး ပင်လယ်ကမ်းခြေနေအိမ်ရှိ ပရီရန်ကာချိုပရားတို့ နေအိမ်တွင် ငှားရမ်းနေထိုင်ရာမှ အခင်ဆုံး သူငယ်ချင်းသုံးဦး ဖြစ်သွားသည်။

ပရီရန်ကာချိုပရားအားအလုပ်ရှင် သူဌေးကြီးဘော်ဘီဒိုးက သူ့သားလေးအား ထိန်းကျောင်းပေးရန် အကူအညီ တောင်းရာမှ ချစ်စိတ်ဝင်ပြီး လက်ထပ်ရန် ပူဆာတော့သည်။ သူမ၏အလုပ်ရှင် သူဌေးကြီးကို မနှစ်သက်နိုင်သော ပရီရန်ကာချိုပရားအား အဘီးရှက်ဘာဂျမ်းနှင့် ဂျွန်အီဗရာဟင်တို့က သူဌေး မကြိုက်သည့် အနေအထိုင်ပုံစံများ ပြောင်းခိုင်းရာမှ ခွကျကျ ကမောက်ကမ ဖြစ်လာပုံများကို ဟာသနှောကာ ရိုက်ကူးထားသော ဟာသဇာတ်မြူးကားဖြစ်သည်။

စက္ကူငှက် ဒီဗွီဒီဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်၊ သဇင်နှင့် ဝိုင်းစုခိုင်သိန်း။

အကယ်ဒမီရွှေ့

မင်းမြအေးစီစဉ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးထားသည့် **အကယ်ဒမီရွှေ့** ဟာသဇာတ်မြူးကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ အဆင့်မြင့်ရုံများနှင့် နဝဒေးရုံတွင် အရှိန်အဟုန်ကောင်းနေဆဲ ဖြစ်သည်။ **မြင်းမိုရ်ထက်က သရဖူ** ဇာတ်ကားကို ဝဇီရာနှင့် မြရတနာရုံများတွင် ကြည့်ရှုနိုင်သည်။

ဒါရိုက်တာ ပေါ်ဒဗလျူအက်စ်အင်ဒါ ပါဆင် ရိုက်ကူး ထားသည့် **Death Race** သေမင်းတမန် ကားမောင်းပြိုင်ပွဲအက်ရှင် ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက် ပြသနေသည်။

အကယ်ဒမီရွှေ့ ဇာတ်ကားမှ အိန္ဒြာကျော်ဇင်နှင့် ချောရတနာ။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် Dil Hai Tumhaara ဇာတ်ကားသစ်ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသမီးကြီး ရေခါးနှင့် ပရီတီဇင်းတားတို့ အဓိကသရုပ်ဆောင်ထားသော အိမ်ထောင်ရေး ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ရှိ အဖိုးတန်စိန်ကို ဆုနီးလ်ရှက်တီးနှင့် အာဂျေးဒေ့ဂန်တို့အဖွဲ့ အပြိုင်အဆိုင်ခိုးရန် ကြံစည်ကြပုံများကို ရိုက်ကူးထားသောအက်ရှင်ကားဖြစ်သည်။

ဒီဗွီဒီဇာတ်ကားများ

စိုင်းစိုင်းခမ်းလှိုင်၊ သဇင်နှင့် ဝိုင်းစုခိုင်သိန်းတို့ ပါဝင်ထားသော **စက္ကူငှက်** အဆင့်မြင့် မြန်မာဒီဗွီဒီဇာတ်ကားမှာ ရွှေမန်း၊ သီတာနှင့် စံပြရုံများတွင် ဆက်လက် ပြသနေပြီး ဒါရိုက်တာအောင်ကိုလတ်၏ **၉၉.၉** အဆင့်မြင့် မြန်မာဒီဗွီဒီဇာတ်ကားကို ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီနှင့် ရတနာပုံရုံများတွင် ကြည့်ရှုကြရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး စစ်ဆေး

လားရှိုး ဒီဇင်ဘာ ၂၅

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ လက်ထောက်အင်ဂျင်နီယာ ဦးစောတီနေထူး၊ (စက်မှုကျွမ်းကျင်-၃)ဦးမျိုးကိုကိုမောင်၊ ဒုတိယဦးစီးမှူး (စာရင်းကိုင်-၂)ဦးဝင်းနိုင်၊ ဦးမြင့်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လှ၊ အကြီးတန်းစာရေး ဦးမျိုးမင်းဆွေ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်သန်းကြွယ်၊ တပ်ကြပ်ကြီး ခင်မောင်မောင်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးတင့်လွင်၊ ဦးစောသန်းထွန်းတို့နှင့်အတူ ဒီဇင်ဘာ ၂၁ရက် ညနေ ၃နာရီက လားရှိုးမြို့ မန်ဆူအဝေးပြေးယာဉ်ရပ်နားစခန်းရှိ လားရှိုးမှမန္တလေးသို့ ခရီးသည်တင်ပြေးဆွဲမည့် ချမ်းသာအောင်နှင့် ရှမ်းတောင်တန်း မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှုရှိမရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(ပြည်နယ်/ကညန)

✱ ရှေ့ဖုံးမှ

စက်ရုံ၊ အလုပ်ရုံများကလည်း မြို့တိုင်း၊ ရွာတိုင်းတွင် မီးခိုးတလူလူ ဖြင့်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ပိုင် စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ ၃၅၀၀၀ ရှိခဲ့ရာမှ ယခုပါ ဆိုလျှင် နိုင်ငံတော်ပိုင်စက်ရုံ ၇၉၃ရုံ နှင့် ပုဂ္ဂလိက စက်ရုံ အလုပ်ရုံ ၁၁၃၀၀၀အထိ တိုးတက်လာပြီ ဖြစ် ကြောင်း သိရသည်။

သဘာဝ ပိုဇိုလန်များ ထုတ်လုပ်ပေးနေသော ပုပ္ပားဒေသမှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင် အထည်ဖော်ရေးဦးစီးဌာန၏ သဘာဝ ပိုဇိုလန်စက်ရုံ။ (သတင်းစဉ်)

မီးတောင်ပေါက်ကွဲစဉ် အတွင်းပိုင်းမှ ချော်ရည်ပူများ၊ ပြာများ တိုးထွက် လာကြရာမှ အပြင်လေနှင့် ထိတွေ့ သောအခါ အပူချိန်လျော့ကာ အေးခဲ သွားကြသည်။ မီးတောင်ဖွဲ့စည်းမှု ပုံစံကို လိုက်၍ အေးခဲချိန် အနေး၊ အမြန် ကွာခြားမှု ရှိတတ်ခြင်းသည် ချော်ခဲများ၊ ပြာများ၏ ဖွဲ့စည်းပုံနှင့် အမှုန်အရွယ်အစားကို အကျိုးသက် ရောက်မှု ရှိစေသည်။ အေးခဲချိန် မြန်လျှင် ပုံဆောင်ခဲ ဖွဲ့စည်းချိန် မရ သဖြင့် အမှုန်အရွယ်အစား သေးစေ သည်။ချော်များ၊ ပြာများတွင် ပါဝင် သော ပုံမဲ့ Silica နှင့် Alumina တို့သည် ကောင်းစွာ နုညက်သော အခြေအနေတွင် ထုံး၊ ရေတို့နှင့် ပေါင်းစပ်ပါက ဓာတ်ပြုနိုင်စွမ်းရှိပြီး လူလုပ် ဘိလပ်မြေနှင့် ဆင်တူသော အာနိသင်မျိုး ဖြစ်ပေါ်လာသည်။

အစွဲပြုခေါ်ဝေါ်

ပိုဇိုလန်(Pozzolan)ဟူသော အမည်ကို ခေါ်ဝေါ်သုံးစွဲခဲ့မှု၏ သမိုင်း ခြေရာကို ပြန်ကောက်ရပါလျှင် အေဒီ ၇၉တွင် အီတလီနိုင်ငံရှိ ဗီဆူးဗီယပ်စ် မီးတောင်(Mt. Vesuvius) ပေါက်ကွဲ ရာမှ ထွက်ပေါ်လာသော ပြာများ ကျရောက်ခဲ့ရာ Pozzuoli မြို့ကို အစွဲပြု၍ ခေါ်ဝေါ်သုံးစွဲ နေကြခြင်း ပင်။

ခေါ်ဝေါ်သုံးစွဲ

သဘာဝမှရရှိသော မီးတောင် ပြာများကို သဘာဝပိုဇိုလန်အဖြစ် လည်းကောင်း၊ အခြား Pozzolanic Reaction ဖြစ်တတ်သော ကျောက်မီး သွေးပြာ အစရှိသည် တို့ကိုလည်း Pozzolanic Material အဖြစ် လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြ ကြောင်း သိရသည်။

ခိုင်ခံ့

လူလုပ် ဘိလပ်မြေ မပေါ် ပေါက်မီ လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် ဂရိလူမျိုးများသည် သဘာဝပိုဇိုလန်၊ ထုံးနှင့် ရေတို့ကို ရောစပ်၍ ရရှိလာသော သဘာဝ ဘိလပ်မြေကို သုံးစွဲခဲ့ကြကြောင်း သိရ သည်။ လူလုပ်ဘိလပ်မြေ မပေါ် ပေါက်မီ ကာလတစ်လျှောက်က သဘာဝပိုဇိုလန်နှင့် ထုံးကို ရောစပ် အသုံးပြုကာ တည်ဆောက်ခဲ့သည့် ရောမခေတ် အဆောက်အအုံအချို့မှာ ယနေ့အထိ ခိုင်ခံ့နေဆဲဖြစ်ကြောင်း တွေ့ရသည်။

ရှင်းပြ

သဘာဝ ပိုဇိုလန်စက်ရုံ မှ စက်ရုံမှူး ဦးကြည်ထွန်း က ဤသို့ ရှင်းပြခဲ့သည်။ (သတင်းစဉ်)



ဘီစီ ၄၄၂တွင် နောက်ဆုံးပေါက်ကွဲခဲ့သည်ပ... ပုပ္ပားတောင်ကလပ်ကို အဝေးမှ ဤသို့တွေ...

ထွက်သော အပူချိန်ကို လျှော့ချရန်၊ ကွန်ကရစ်၏ Sulfate ဒဏ်ခံနိုင်ရည် မြင့်မားလာစေရန် စသည့် ရည်ရွယ် ချက်များဖြင့် တွင်ကျယ်စွာ ထည့်သွင်း အသုံးပြုလာကြသည်။

မြန်မာနိုင်ငံ ဒေသအချို့ရှိ မီးတောင်ဟောင်းများသည် သဘာဝ ပိုဇိုလန်ထုတ်လုပ်နိုင်သော အရင်း အမြစ်များဖြစ်ကြသည်။ လွန်ခဲ့သည့် ဘီစီ၄၄၂တွင် နောက်ဆုံးပေါက်ကွဲခဲ့ သည်ဟု မှတ်တမ်းရှိခဲ့သော ပုပ္ပား မီးငြိမ်းတောင် ဒေသတစ်ဝိုက်နှင့် နောက်ဆုံးပေါက်ကွဲချိန် မှတ်တမ်းမရှိ သော ချင်းတွင်းမြစ်ဝှမ်းအောက်ပိုင်း ဒေသမှ မီးတောင်ဒေသအုပ်စုတို့မှာ သဘာဝပိုဇိုလန်ထုတ်ယူရန် အလား အလာကောင်းသော နေရာများဖြစ် ကြသည်။

ပုပ္... တစ်ဝိုက်... အရည်အ...

လက်လုပ်အုတ်များ

ပုပ္ပားဒေသ မြောင်းရှည်ကျေးရွာ၌ သဘာဝပိုဇိုလန်ရောစပ်၍ ထုတ်လုပ်ထားသော လက်လုပ်အုတ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

သ... ခင်းထ... သွင်ပြ...

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၏ ပိုဇိုလန်စက်ရုံမှ ထွက်ရှိသော သဘာဝပိုဇိုလန်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နောက်ဆုံးအဆင့် ကုန်ချောထုတ်လုပ်ထားသည့် သဘာဝပိုဇိုလန် ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုပ္ပားဒေသသို့ ရောက်တုန်း ရောက်ခိုက် အမှတ်(၁) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန ရေအား လျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန၏ သဘာဝပိုဇိုလန် ထုတ် လုပ်ရေးစက်ရုံသို့ သွားရောက် လေ့ လာခွင့်ရခဲ့သည်မှာ ခရီးစဉ်အတွင်း များစွာ ကျေနပ်ဖွယ် ကောင်းလှ ပေသည်။

သဘာဝပိုဇိုလန်၏ အကြောင်း ကိုဂဃနဏမသိသေးသော ကျွန်တော့် အဖို့မူ ဗဟုသုတအသိပညာ ရတနာ တစ်ပါး တိုးပွားခဲ့ရသည်။

ချော်ပြာ

သဘာဝပိုဇိုလန် ဆိုသည်ကား မီးတောင်ပေါက်ကွဲရာမှ ထွက်ရှိလာ သော ချော်ပြာများပင် ဖြစ်သည်။

အသုံးပြုလာ

လူလုပ်ဘိလပ်မြေ (Portland Cement) စတင်တီထွင်ခဲ့ပြီး နောက် ပိုင်းတွင် သဘာဝပိုဇိုလန်ထက် ပိုမို တွင်ကျယ်စွာထုတ်လုပ်နိုင်ခြင်း၊ လိုအပ် သော Strength ကို ပိုမိုလျင်မြန်စွာ ရရှိခြင်း စသည့် အားသာချက်များ ကြောင့် လူလုပ် ဘိလပ်မြေကိုသာ အဓိက အစားထိုး သုံးစွဲလာခဲ့ကြ သည်။ သဘာဝပိုဇိုလန်ကိုမူ ကွန် ကရစ်လုပ်ငန်းကြီးများတွင် ဘိလပ် မြေနှင့် ရေပေါင်းစပ် ဓာတ်ပြုရာမှ

သဘာဝပိုဇိုလန် ထုတ်လုပ်မှု အဆင့်ဆင့် နမူနာများကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)



ဘီစီ ၄၄၂တွင် နောက်ဆုံးပေါက်ကွဲခဲ့သည်ဟု မှတ်တမ်းရှိခဲ့သော ပုပ္ပားမီးငြိမ်းတောင်၏ တစ်စိတ်တစ်ဒေသ ပုပ္ပားတောင်ကလပ်ကို အဝေးမှ ဤသို့တွေ့ရသည်မှာ....။

(သတင်းစဉ်)

ဒေသမှ မီးတောင်ဒေသအုပ်စုတို့မှာ သဘာဝပိုဇိုလန်ထုတ်ယူရန် အလားအလာကောင်းသော နေရာများဖြစ်ကြသည်။

အစားထိုး

ပုပ္ပား မီးငြိမ်းတောင် ဒေသတစ်ဝိုက်ရှိ သဘာဝ ပိုဇိုလန်သည် အရည်အသွေးမီ မြင့်မားကြောင်း စမ်းသပ် တွေ့ရှိရ၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်လျက်ရှိသည့်Roller Compacted Concrete Dam တွင် ဘိလပ်မြေလိုအပ်ချက်၏ ၆၆ရာခိုင်နှုန်းအထိ အစားထိုး သုံးစွဲလျက်ရှိကြောင်း သိရသည်။

ရည်ရွယ်ချက်

အဓိက ရည်ရွယ်ချက်မှာ ကွန်ကရစ် လုပ်ငန်းများတွင် သဘာဝပိုဇိုလန် ထည့်သွင်းအသုံးပြုခြင်းဖြင့် အပူချိန်လျော့ကျကာ အက်ကြောင်းများ ဖြစ်ပေါ်မှုကို တားဆီးစေရန် ဖြစ်သည်။ (ကွန်ကရစ်လုပ်ငန်းများတွင် အပူထွက်မှုနည်းစေခြင်းဖြင့် ဆံခြည်မျှင်အက်ကြောင်းများ မပေါ်ရန် ဖြစ်သည်။)

ပညာရှင်အချို့က **“မီးတောင်ဟောင်းရှိသော ဒေသများ၌သာ သဘာဝ ပိုဇိုလန်ကို ထုတ်ယူအသုံးပြုနိုင်သဖြင့် ရွှေထက်ပင်ရှားကြောင်း”** ဟု သုံးသပ်တင်စားပြောဆိုခဲ့ရာ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်ဌာနီ၏ သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝမှု တစ်ခုတည်းနှင့်ပင် မြန်မာလူမျိုးများ ဂုဏ်ယူဝင့်ကြွားနိုင်လောက်ပေသည်။ ။

...က်လုပ်အုတ်များ

...းရှည်ကျေးရွာ၌ သဘာဝပိုဇိုလန်ရောစပ်၍ ...လုပ်အုတ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

သဘာဝပိုဇိုလန်ရောစပ်၍ ခင်းထားသော ကားလမ်း၏ သွင်ပြင်အနေအထား။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ်
နတ်တော်လကွယ်နေ့၊ (ဥပုသ်နေ့)
၂၆-၁၂-၂၀၀၈ရက်(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၇း၅၀	၅။ အတီးပြိုင်ပွဲ
၈း၀၀	၆။ ကြေးမုံရိပ်သွင်တေးနယ်
၈း၁၅	၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၃၀	၈။ International News
၈း၄၅	၉။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀	၃။ မြန်မာစာ မြန်မာစကား
၄း၃၅	၄။ နှောင်းခေတ်တေးပဒေသာ
၄း၄၅	၅။ အကပြိုင်ပွဲ
၅း၀၀	၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၅း၁၅	၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၅	၈။ တေးဂီတအစီအစဉ်
၅း၄၀	၉။ **ဆီးချို သွေးချိုကာကွယ်ပါ** ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ)
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၃၀	၁၁။ မိုးလေဝသအခြေအနေ
၆း၃၅	၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅	၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း**(အပိုင်း-၃၈)
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၈)
	၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နှစ်ပေါင်း ၁၃ဝဝခန့်က အပူနွေးဆုံးဖြစ်ခဲ့သော ဤကမ္ဘာ

ဘာသာပြန်မှတ်စု - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ရာသီဥတု တဖြည်းဖြည်း ပူနွေးလာလျက်ရှိရာ ၂၀၀၈ခုနှစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၈နှစ်အတွင်း ကိုးကြိမ်မြောက် အပူနွေးဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း နာဆာသုတေသနပညာရှင်များက ဒီဇင်ဘာ၁၈ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့စက်မှုဖွံ့ဖြိုးသော နိုင်ငံများအနေဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုနှင့် စက်မှုလုပ်ငန်းများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်ခဲ့မှုကြောင့် လေထုအတွင်း အပူချိန်ကို တိုးမြင့်စေခဲ့ကြောင်း အာကာသရေးရာ ဂိုဒတ်သိပ္ပံမှ သုတေသနပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့မှ သုတေသနပြုချက်အရ ၂၀၀၈ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအထိ တစ်ကမ္ဘာလုံး၌ အပူချိန် ၀ ဒသမ ၇၆ဒီဂရီဖာရင်ဟိုက် တိုးမြင့်ခဲ့ကြောင်း၊ သို့သော် ကမ္ဘာ့အချို့ဒေသများတွင်မူ ၂၀၀၀ပြည့်နှစ်မှ စတင်ကာ ထူးထူးခြားခြားအအေးပိုလာခဲ့ကြောင်း ဖော်ပြထားသည်။

အပူနွေးဆုံး

သို့ရာတွင် ကမ္ဘာ့ဒေသအချို့၌ အအေးဓာတ်လွန်ကဲမှုမှာ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်သော အနေအထားရှိကြောင်း၊ ၂၀၀၈ခုနှစ်သည် လွန်ခဲ့သည့် ၁၈၈၀ ပြည့်နှစ်မှ စတင်ကာ အပူနွေးဆုံးနှစ်များတွင် ကိုးနှစ်မြောက်နှစ်ဖြစ်ခဲ့ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အာတိတ်နှင့် အတ္တလန္တိတ်ကျွန်းဆွယ်ဒေသများတွင် အပူချိန်ပိုမိုမြင့်တက်ခဲ့သဖြင့် ရေခဲပြင်ကြီးများ အရည်ပျော်မှု ပိုမိုလျင်မြန်လာခဲ့ကြောင်း၊ ထို့အတူ ပစိဖိတ်သမုဒ္ဒရာတွင်လည်း အပူချိန်မြင့်မားခဲ့ကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။

ကမ္ဘာ့အပူချိန်သည် ၁၉၉၇ခုနှစ်မှ စတင်ကာ ဆက်တိုက်မြင့်တက်ခဲ့သဖြင့် ယခုနှစ်သည်ပူနွေးမှုမြင့်မားသော နှစ်တစ်နှစ် ဖြစ်ခဲ့သလို လာမည့်နှစ်များမှာလည်း အပူချိန်ဆက်လက်မြင့်တက်လာမည်သာဖြစ်ကြောင်း၊ ထို့ကြောင့်ကမ္ဘာ့နိုင်ငံအချို့တွင် ဆောင်းရာသီများ ပီပီပြင်ပြင်ဖြစ်ပေါ်ဖွယ်မရှိကြောင်း နာဆာသုတေသနပညာရှင် ပီတာစတော့က သတိပေးထားသည်။

ကမ္ဘာ့ရာသီဥတု ပူနွေးလာမှု တဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် ၂၀၀၈ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာအထိ လေဆင်နှာမောင်း ဖြစ်ပေါ်မှု ၁၇၀၀ခန့်ရှိခဲ့ရာ ၁၉၅၃ခုနှစ်မှစတင်ကာ ဒုတိယအများဆုံးပင်ဖြစ်သည်။

ထို့အတူ အာတိတ်ဒေသမှ ရေခဲပြင်ကြီးများ အရည်ပျော်ကျမှုမှာ ၂၀၀၈ခုနှစ် စက်တင်ဘာလ၌ ရေခဲ

ပြင် အကျယ်အဝန်း ၁ ဒသမ ၇၄ သန်း စတုရန်းမိုင်အထိ အရည်ပျော်ခဲ့သဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ကထက် ရေခဲပြင်အရည်ပျော်မှု အကျယ်အဝန်း ၀ ဒသမ ၈၆ သန်း စတုရန်းမိုင် ပိုမိုဖြစ်ပေါ်ခဲ့သည်ဟု နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။

ပိုမိုဖြစ်ပေါ်

နာဆာသုတေသနပညာရှင်များ၏ လေ့လာချက်များအရ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၈ခုနှစ်အထိ ကမ္ဘာ့အပူချိန်သည် ၁၉၉၀ပြည့်နှစ်မှ ၁၉၉၉ခုနှစ်ထက် ၀ ဒသမ ၃၆ ဒီဂရီဖာရင်ဟိုက် ပိုမိုမြင့်တက်လာခဲ့သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၀၈ခုနှစ် အတ္တလန္တိတ် ဟာရီကိန်းရာသီ၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရေအတွက်သည် ပြီးခဲ့သော ၁၀နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများထက် သုံးဆခန့် ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အဓိကကျ

ထိုသို့ဖြစ်ပေါ်မှုများ မြန်ဆန်လာခြင်းမှာ ကမ္ဘာ့မြေပြင်၊ ရေပြင်နှင့်လေထုတို့၌ အပူချိန်များ တစ်နှစ်ထက်တစ်နှစ်တိုးမြင့်လာသည့်အချက်မှာအဓိကကျနေကြောင်းသုတေသနပညာရှင်များက သတိပေးထားသည်။ ။ ***ကိုးကား-အင်တာနက်***

မြန်မာ့အလင်း

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ၂၅ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်မှာ ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဒီဇင်ဘာ၂၆ရက်(**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အသင့်အတင့်ဖြစ်ထွန်း

ဒီဇင်ဘာ၂၆ရက် (**ယနေ့**)နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဆေးတက္ကသိုလ်(၂)ရန်ကုန် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ဆေးတက္ကသိုလ်(၂)(ရန်ကုန်)၌၁၉၈၂-၈၃-၈၄ခုနှစ် နိုဝင်ဘာတွင်ပထမနှစ်စတင်သင်ကြားခဲ့ကြသော သူငယ်ချင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ Dolphin Restaurant ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲတွင် မှတ်တမ်းစာအုပ် ပြုစုထုတ်လုပ်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဓာတ်ပုံများ၊ ကိုယ်ရေးအချက်အလက်များနှင့် အလှူငွေများကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် နောက်ဆုံးထား၍ အချိန်မီပေးပို့ကြရန်နှင့် ဆက်သွယ်ပေးပို့လှူဒါန်းလိုသူများသည် ဒေါက်တာစိုးမင်းနိုင် ဖုန်း-၀၉-၅၁-၃၈၇၀၃၊ ဒေါက်တာရဲထွဋ်ဦး ဖုန်း-၀၉-၅၀-၀၆၁၅၉၊ ဒေါက်တာအေးအေးစန်း ဖုန်း-၀၉-၅၁-၁၄၅၃၆၊ ဒေါက်တာအေးသီတာသန်း ဖုန်း-၀၉-၅၁-၃၆၈၁၀၊ ဒေါက်တာ ခင်ခင်လေး ဖုန်း-၀၉-၅၁-၂၀၇၇၃၊ ဒေါက်တာတင်လှိုင် ဖုန်း-၀၉-၅၁-၉၉၅၉၆၊ ဒေါက်တာဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁-၂၄၇၂၀၊ ဒေါက်တာ နိုင်နိုင်အေး ဖုန်း-၀၁-၇၂၂၁၄၅၊ ဒေါက်တာညိုမီမေသင် ဖုန်း-၀၉-၅၁-၈၆၄၃၇၊ ဒေါက်တာစပယ်ဖြူ ဖုန်း-၀၉-၅၀-၁၄၁၇၃၊ ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၁-၂၉၀၄၂၊ ဒေါက်တာ အောင်မျိုးထွန်း ဖုန်း-၀၉-၅၁-၉၅၄၉၂၊ ဒေါက်တာစိုးနိုင် ဖုန်း-၀၉-၅၁-၄၁၉၃၉၊ ဒေါက်တာသန့်ဇင်(တောင်ငူ)ဖုန်း-၀၉-၂၀-၀၆၇၆၄နှင့် ဒေါက်တာကြူကြူအုန်းရှိန် ဖုန်း-၀၉-၅၁-၂၀၁၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၈-၁၂-၂၀၀၈) ရက်နေ့
၂၀၀၉ခုနှစ် ဇန်နဝါရီလအတွက်
(၁၁-၁-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁-၂၀၀၉)ရက်နေ့

မွေးမြူစိုက်ပျိုး စီးပွားတိုး(၂)

ကျော်ရဲမင်း

(ယမန်နေ့ကအဆက်)

ကျော်။ ။ ကဲ…ပုံကိုသေချာလေ့လာပြီးပြီဆိုတော့ ဆက်ကြရအောင်။ အဲဒီစီမံကိန်းအရ ဆောင်ရွက်ရတဲ့ ဗီယက်နမ်လယ်သမားတွေရဲ့ နေအိမ်တွေကိုကြည့်ရင် တစ်ဖက်မှာ နွားတင်းကုပ်တစ်ခုရှိတာကို တွေ့တယ်မဟုတ်လား။ ခပ်လှမ်းလှမ်းမှာ ကြက်တွေ၊ ဘဲတွေ မွေးထားတယ်။ ဒါ့အပြင် ဟင်းသီးဟင်းရွက်စိုက်ခင်းကလေးကိုလည်း တွေ့ရမယ်။ နေအိမ်ကနေ စိုက်ခင်းကို သွယ်တန်းထားတဲ့ ရေမြောင်းလေး တစ်မြောင်းရှိတယ်။ နေအိမ်ကအသုံးပြုတဲ့ ဆေးရေ၊ ကြောရေ၊ စွန့်ပစ်ရေအားလုံးဟာ အဲဒီရေမြောင်းမှတစ်ဆင့် စိုက်ခင်းထဲကို စီးဝင်သွားစေတယ်။ ဆေးရေ၊ ကြောရေကိုတောင် အလဟဿအဖြစ်မခံတဲ့ သဘောကို တွေ့ရမယ်။ နွားတင်းကုပ်ဘေးမှာ အုတ်နဲ့ တည်ဆောက်ထားတဲ့ ရှည်မျော မျော ရေကန်လေးနှစ်ကန်တွေ့ရမယ်။ အဲဒါဟာ တီကောင်မွေးတဲ့ကန်ပဲ။ တီကောင်တွေကိုမွေးမြူပြီး ကြက်၊ ဘဲအစာအဖြစ်အသုံးချတယ်။ အိမ်ရဲ့ဘေးဘီဝဲယာမှာ နွားစားကျက်မြက်ခင်းနဲ့ လယ်ကွင်းတွေရှိမယ်။ စားကျက်မြေက မြက်ကို ရိတ်ပြီး နွားကျွေးဖို့စီမံထားတဲ့ သဘောပဲမဟုတ်လား။

သာ ။ ။ ကိုကြီးကျော်ရဲ့ ဆွေးနွေးချက်ကတော့ တဖြည်းဖြည်းနဲ့ စိတ်ဝင်စားစရာ ကောင်းလာပြီဗျို့။

အေး ။ ။ အေး… ဟုတ်တယ်၊ ကျုပ်လည်း ရေးရေးတော့သဘောပေါက်လာပြီဗျ။

ကျော်။ ။ ပေါက်ရမယ်လေ၊ဆက်ရရင် သူတို့ရဲ့နွားတင်းကုပ်ကိုကွန်ကရစ်ကြမ်းခင်း၊ သွပ်မိုးတို့နဲ့ တည်ဆောက်ထားတယ်ဆိုပဲ။ နွားတင်းကုပ်မှာရှိတဲ့ နွားစားခေါင်းထဲမှာကတော့ အိမ်ဘေးနွားစားကျက် မြက်ခင်းထဲက မြက်တွေပဲဖြစ်မယ်ဆိုတာ အသေအချာပေါ့။ နွားတွေဟာ နွားစာကိုစားပြီး နွားနို့နဲ့ နွားချေးကို ပြန်ပြီးထုတ်ပေးတယ်။ ဒီနေရာမှာ နွားရဲ့ထူးခြားတဲ့ သဘောသဘာဝကိုလည်း သိအောင်ပြောပြချင်သေးတယ်။ နွားတွေဟာ တစ်ရက်ကို စားမြုံ့ပြန်တဲ့အချိန် ရှစ်နာရီလောက် ရှိတယ်ဆိုပဲ။ အဲဒီလို စားမြုံ့ပြန်နေရတဲ့ အတွက်ကြောင့် စားလိုက်တဲ့အစာ အာဟာရဓာတ်တွေရဲ့ ၇၅ရာခိုင်နှုန်းကနေ ၉၁ရာခိုင်နှုန်း အထိကို စုပ်ယူနိုင်ခြင်းမရှိဘဲ အပြင်ကို ပြန်လည်စွန့်ထုတ်ရတယ်။ ဒါကြောင့် အစာအိမ်သံသရာလည်ပတ်မှုအဆုံးမှာ အာဟာရဓာတ်အားလုံးနီးပါးဟာ စွန့်ပစ်ပစ္စည်းများအဖြစ် ပြန်ထွက်လာခြင်း ဖြစ်တယ်။ နွားချေးဟာ စွန့်ပစ်အရည်နဲ့ အစိုင်အခဲတွေ ပေါင်းထားတာဖြစ်ပြီး အာဟာရဓာတ်များစွာပါဝင်တဲ့အတွက် မြေဆီလွှာကို ပိုမိုပြီးတော့ မြေသြဇာကြွယ်ဝစေနိုင်တာကို တွေ့ရတယ်။ နို့စားနွား တွေရဲ့ နွားချေးကတော့ ပိုပြီး သြဇာပါတယ်လို့ ဆိုတာပဲ။

တိုး ။ ။ ကိုကြီးကျော်စကားအရဆိုရင် တခြားတိရစ္ဆာန်တွေရဲ့ စွန့်ပစ်ပစ္စည်းတွေကရော ဘယ်လိုလဲ။

ကျော်။ ။ **အင်း…ပြောရရင်တော့ မွေးမြူရေးတိရစ္ဆာန်အားလုံးရဲ့ စွန့်ပစ်ပစ္စည်းတွေဟာ မြေဆီလွှာကိုအကျိုးဖြစ်စေတာချည်းပါပဲ။ နွား၊ ဆိတ်၊ ယုန်၊ ကြက်၊ ဝက်၊ ငါးစသဖြင့် တစ်မျိုးစီရဲ့ စွန့်ပစ်ပစ္စည်းများဟာ သီးခြားစီ ကောင်းမွန်တဲ့ ဂုဏ်သတ္တိတွေ ရှိကြတယ်လို့ ဆိုပါတယ်။**

အေး ။ ။ ကဲ…ဟုတ်ပါပြီ၊ ကိုကျော်ရဲ့ နွားချေးတရားလေးဆက်ပါဦးဗျာ။

ကျော်။ ။ နွားတစ်ကောင်ဟာ တစ်ရက်ကို နွားချေး ပေါင်၅၀ထွက်ပြီး ဆိတ်တစ်ကောင်ကတော့ တစ်ရက်ကို ဆိတ်ချေး၁၀ပေါင်ထွက်သတဲ့။ နွားချေးကို သဘာဝမြေသြဇာအဖြစ် သုံးရုံတင်မကဘဲ အခြားကိစ္စများအတွက်လည်း သုံးနိုင်တယ်လို့ ဆိုပါတယ်။ ကျွန်တော်လေ့လာမိသလောက် ပြောရရင် (၁) **ချက်ပြုတ်ရေးအတွက် လောင်စာအဖြစ်သုံးနိုင်ပါတယ်။ နွားချေးခြောက်ကို မီးရှို့ပြီး လောင်စာအဖြစ်သုံးနေတာတွေလည်း ဦးကြီးအေးတို့ အသိပဲမဟုတ်လား။**

အေး ။ ။ အစစ်ပေါ့ဗျာ။

ကျော်။ ။ ဒါ့အပြင် (၂)**အပူဓာတ်ထွက်ရှိတဲ့ နွားချေးတွေကို စုစည်းပြီး မြေဆွေးအဖြစ် Greenhouse တွေကို အနွေးဓာတ်ရရှိအောင်လည်း ဆောင်ရွက်နိုင်တယ်၊ (၃)မှိုကိုလည်း နွားချေးခြောက်သုံးပြီး စိုက်ပျိုးထုတ်လုပ်နိုင်တယ်။ (၄) နွားချေးကထွက်တဲ့ မီသိန်းဓာတ်ငွေ့ကိုစုစည်းပြီး Biogas အဖြစ်နဲ့ ချက်တာပြုတ်တာတွေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်တာတွေ သုံးနိုင်တယ်။ နောက်တစ်ချက်က (၅)နွားချေးတွေဟာ လတ်လတ်ဆတ်ဆတ်ရှိစဉ်မှာ အပူဓာတ်ရှိနေတဲ့အတွက် သစ်ပင်များရဲ့ခြေရင်းမှာ မြေဆွေးတွေ မခြောက်သွေ့စေဖို့၊ အပေါ်ကနွားချေးတွေမံပြီး မြေဆီဓာတ် မပြယ်အောင် ထိန်းသိမ်းဖို့ မြေငွေ့ထိန်းအဖြစ် သုံးနိုင်တယ်။**

တိုး ။ ။ ကိုကြီးကျော်ပြောမှပဲ နွားချေးအသုံးဝင်ပုံကို စုံအောင်သိရတော့တယ်။ ကျွန်တော်တို့လည်း ဘိုးစဉ်ဘောင်ဆက် နွားချေးကို သုံးလာခဲ့တာမှန်ပေမယ့် ဒီလောက်ထိတော့ စေ့စေ့စပ်စပ် အကျိုးရှိအောင် မသုံးနိုင်ခဲ့တာ အမှန်ပဲဗျ။

ကျော်။ ။ ဒါပေါ့ မောင်တိုးမြင့်ရာ၊ ဗီယက်နမ်လယ်သမားတွေဟာ နွားချေးရဲ့ကျေးဇူးနဲ့ ဇီဝဓာတ်ငွေ့(Biogas)သုံး မီးဖိုတွေကိုပဲ သုံးစွဲနေကြသတဲ့၊ ခုနက အကွက်ချပုံစံကို ပြန်ကြည့်ပါဦး။ သူတို့ရဲ့နေအိမ်တွေမှာ နွားချေးကထွက်လာတဲ့ မီသိန်းဓာတ်ငွေ့ကို သိုလှောင်ထားနိုင်တဲ့ဇီဝဓာတ်ငွေ့ထုတ် ကန်တွေတည်ဆောက်ထားတာ တွေ့တယ်မဟုတ်လား။ သူတို့ရဲ့ နွားတင်းကုပ် ကွန်ကရစ်ကြမ်းပြင်မှာ မြောင်းကလေးတွေ ဖောက်ထားကြတယ်။ နွားတင်းကုပ်ကို နေ့စဉ်သန့်ရှင်းရေး လုပ်တဲ့အခါ နွားချေးတွေကို အဲဒီမြောင်းတွေထဲ ရောက်သွားအောင်လုပ်ကြရတယ်။ အဲဒီနောက် မြောင်းကို ရေအနည်းငယ်လောင်းချပြီး နွားချေးတွေကို ဇီဝဓာတ်ငွေ့ထုတ်ကန်ထဲရောက်သွားအောင် လုပ်ကြတယ်။ ဒါကြောင့် ဇီဝဓာတ်ငွေ့ထုတ်ကန် (Biogas Unit)တွေကို နွားတင်းကုပ်နဲ့ မလှမ်းမကမ်းမှာ မြေကြီးထဲမြှုပ်ပြီး တည်ဆောက်ထားကြတယ်ဆိုပဲ။ နွားတင်းကုပ်မှာရှိတဲ့မြောင်းများကတစ်ဆင့် ပိုက်တွေနဲ့ Biogas Unit ကို ဆက်သွယ်ပေးထားတယ်လေ။ ဒီတော့ Biogas Unit ဟာ နွားချေးတွေ ရောက်လာပြီး မကြာခင်မှာပဲ မီသိန်းဓာတ်ငွေ့တွေ တဖြည်းဖြည်းချင်း ထုတ်လွှတ်ပေးတော့တာပေါ့။ အဲဒီ မီသိန်း ဓာတ်ငွေ့တွေကို မီးဖိုရှိရာကို စီးဝင်သွားအောင်ပြုလုပ်ပြီး ဇီဝဓာတ်ငွေ့သုံးမီးဖိုနဲ့ ထမင်းတွေ၊ ဟင်းတွေချက်ကြ ပြုတ်ကြတာပေါ့။ Biogas အဖြစ် အသုံးပြုပြီးသား နွား ချေး တွေ ကို တော့ မြေသြဇာအဖြစ် ဆက်ပြီး သုံးကြပြန်တယ်။ တကယ်ကိုအလေအလွင့်မရှိအောင်စနစ်တကျစီမံထားတဲ့ သဘောပါပဲ။

သာ ။ ။ ဒါဆို ဗီယက်နမ်လယ်သမားတွေက နွားချေးအားလုံးကို Biogas အတွက်ပဲ သုံးတာပေါ့နော်။

ကျော်။ ။ အဲဒီလိုမဟုတ်ဘူး ကိုသာယာရဲ့၊ သူတို့က နွားချေးကို Biogas အတွက်သုံးတဲ့အပြင် တချို့ကိုလည်း တီကောင် မွေးတဲ့နေရာမှာ ခွဲပြီးသုံးသေးတယ်။ကျွန်တော်ပြတဲ့အကွက်ချပုံမှာပါတဲ့ အုတ်ကန်နှစ်ကန်ကိုတွေ့တယ်မဟုတ်လား။အဲဒီကန်နှစ်ကန်ကို အထပ်သားတွေနဲ့ဖုံးအုပ်ထားလေ့ရှိတယ်။အဲဒီအဖုံးကိုဖွင့်လိုက်ရင် မည်းမှောင်နေတဲ့ မြေသားတွေ တွေ့ရလိမ့်မယ်။ အဲဒီမြေသားတွေရဲ့ အပေါ်ယံအလွှာကိုထိုးဆွလိုက်ရင်တော့ တီကောင်တွေအများကြီး တွေ့ရမှာ အမှန်ပဲ။ တကယ်တော့ နွားချေးဟာ တီကောင်မွေးမြူရေးအတွက် အကောင်းဆုံး မြေသားတစ်မျိုးပေါ့ကွာ။

အေး ။ ။ သူတို့ကလဲကွာ၊ ကြံကြံဖန်ဖန် တီကောင်ကိုတောင် မွေးရတယ်လို့၊ ဒို့ဆီမှာ မြေကြီးတူးပြီးရှာလိုက်ရင် တီကောင်ဆိုတာ ရှားလှတာမှ မဟုတ်ဘဲ။ မွေးဖို့ မလိုလောက်ဘူးထင်ပါတယ်။

ကျော်။ ။ ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲဗျာ၊ **တီကောင်မွေးတာက တိရစ္ဆာန်ကြက်၊ ဘဲတွေအတွက် အစာဖြစ်စေသလို မြေသြဇာအတွက်လည်း အများကြီးအကျိုးရှိတယ်ဗျ။ ဇဟုသုတအဖြစ် ပြောရရင် တီကောင်သုံးမျိုး ရှိတယ်ဆိုပဲ။ အပေါ်ယံမြေလွှာမှာနေတဲ့ တီကောင်၊ မြေကြီးအောက်မှာနေတဲ့ တီကောင်နဲ့ မြေဆွေး၊ သစ်ရွက်ဆွေးတွေထဲမှာနေတဲ့ တီကောင်ပါတဲ့ဗျာ။** ကဲ… မရှင်းလား။ ဗီယက်နမ်လယ်သမားတွေမွေးတဲ့ တီကောင်က တတိယအမျိုးအစားတီကောင်တဲ့။ တချို့ကလည်း ချေးထိုးပိုးလို့ ခေါ်ကြတယ်။ အဲဒီ တီကောင်တွေဟာ သူတို့ခန္ဓာကိုယ် အလေးချိန်ရဲ့ ထက်ဝက်လောက်ရှိတဲ့အစာကို စားသောက်နိုင်ကြတယ်၊ မြေဆွေးကို စားသောက်ပြီး အစာချက်လုပ်တယ်။ ပြီးတော့ သေးငယ်တဲ့ တီကျစ်စာအမှုန့်ကလေးများအဖြစ် ပြန်လည်စွန့်ပစ်လေ့ ရှိကြတယ်။ အဲဒီတီကျစ်စာတွေဟာ စိုက်ပျိုးရေးအတွက် သိပ်ကိုကောင်းတဲ့ မြေသြဇာတွေ ဖြစ်တယ်။ အော်ဂဲနစ်ဓာတ်ပစ္စည်းများနည်းတူ မြေဆီလွှာ တည်ဆောက်မှုပုံစံကို ပိုမိုကောင်းမွန်စေတယ်။ **တီကောင်တွေဟာ နွားချေးတွေကို စားသောက်ကြတဲ့အတွက် ပရိုတင်းဓာတ် သိပ်ကိုကြွယ်ဝတယ်ဆိုပဲ။ ဒီတော့ ဒီတီကောင်တွေကို ကြက်စာ၊ ဘဲစာကျွေးပြီး လူတွေက ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ဘဲသားအဖြစ် ပြန်လည်ရယူတာဟာ စရိတ်အကုန်အကျတစ်ပြားတစ်ချပ်မှမရှိဘဲ ရနိုင်တဲ့ အကျိုးအမြတ်မဟုတ်ပေဘူးလား။**

အေး ။ ။ ခင်ဗျားပြောတော့လည်း ဟုတ်တုတ်တုတ်ပဲဗျ။

ကျော်။ ။ ဒါတင်ဘယ်ကဦးမလဲဗျာ၊ တီကောင်ကျွေးပြီး မွေးထားတဲ့ ကြက်တွေ၊ ဘဲတွေဟာ တီကောင်အဖြစ် အင်းဆက်ပိုးမွှားတွေကိုလည်း စားကြတဲ့အတွက် အင်းဆက်ပိုးမွှားထိန်းချုပ်ရာလည်း ရောက်စေပါတယ်။ ဒါ့အပြင် စွန့်ပစ်လိုက်တဲ့ ကြက်ချေး၊ ဘဲချေးတွေမှာ နိုက်ထရိုဂျင်ဓာတ် ပေါများစွာ ပါဝင်နေတဲ့အတွက် ဥယျာဉ်စိုက်ခင်းတွေမှာ မြေသြဇာအဖြစ် ပြန်သုံးနိုင်မှာဆိုတော့ အလဟဿ စွန့်ပစ်ရမယ့်ပစ္စည်းဆိုတာ ဘယ်မှာရှိပါတော့မလဲ။ မဟုတ်ပေဘူးလားဗျာ။

တိုး ။ ။ ဟုတ်လိုက်လေဗျာ၊ ကျွန်တော်တို့လည်း ဟိုတူးဒီဆွနဲ့ တီကောင်ရှာပြီး ငါးမျှားနေမယ့်အစား တီကောင်မွေးပြီး ကြက်တွေ၊ ဘဲတွေကျွေးနိုင်အောင် ကြိုးစားကြရမှာပေါ့နော်။

သာ ။ ။ သူငယ်ချင်းက ငါးမျှားတယ်ဆိုလို့ မေးရဦးမယ်၊ ကိုကြီးကျော် ပေးတဲ့ပုံထဲမှာ ငါးကန်နဲ့ဆိတ်ခြံဆိုတာလည်း ပါသေးတယ် မဟုတ်လား၊ အဲဒါလေး ပြောပြပါဦး။

ကျော်။ ။ ဒါကလည်း ငါးမွေးမြူရေးနဲ့ ဆိတ်မွေးမြူရေးကို ပေါင်းစပ်ထားတဲ့သဘောတရားပါပဲ။ ငါးကန်တစ်ကန်ရဲ့ ကန်စောင်းမှာ ဆိတ်ခြံကိုတင်ပြီး ဆောက်ထားတယ်လေ။ မလှမ်းမကမ်းမှာ ဆိတ်ကိုအစာကျွေးမယ့် စားကျက်စိုက်ခင်းရှိတယ်။ ငါးကန်အပေါ်မှာ ဆိတ်ခြံကိုဆောက်ထားတဲ့အတွက် ဆိတ်ကိုကျွေးတဲ့ အသီးအရွက်တွေ၊ ဆိတ်ချေးတွေဟာ ရေထဲကို ကျသွားတယ်။ အဲဒီလိုကျနိုင်အောင်လည်း ဆိတ်ခြံကြမ်းပြင်ကို ကြမ်းကြားချန်ပြီး ခင်းထားတယ်ဆိုပါတော့။ ဆိတ်တစ်ကောင်ဟာ တစ်ရက်ကို ဆိတ်ချေး ၁၀ပေါင်လောက် ထွက်တယ်။ ဆိတ်ချေးဟာ ခြောက်သွေ့မာကျောပြီး သေးငယ်တယ်။ မြေကြီးမှာ တိုက်ရိုက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မွေးမြူရေးတိရစ္ဆာန်အားလုံးရဲ့ စွန့်ပစ်ပစ္စည်းတွေဟာ မြေဆီလွှာကို အကျိုးဖြစ်စေတာချည်းပါ။ နွား၊ ဆိတ်၊ ယုန်၊ ကြက်၊ ဝက်၊ ငါးစသဖြင့် တစ်မျိုးစီရဲ့ စွန့်ပစ်ပစ္စည်းများဟာ သီးခြားစီ ကောင်းမွန်တဲ့ ဂုဏ်သတ္တိတွေ ရှိကြပါတယ်။

■ *ကျောဖုံးမှ*

မိမိတို့ သတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများ ရေးသားရန် မကြာမီရက်ပိုင်းက ထားဝယ်မြို့သို့ မြိတ်မြို့မှ ကုန်းကြောင်းခရီးဖြင့် မော်တော်ကားစီးကာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ မြိတ်မြို့မှ ထားဝယ်မြို့သို့အသွား ပုလော၊ ပလောက်နှင့် သရက်ချောင်းမြို့နယ်များကို ဖြတ်သန်းခဲ့သည်။ လမ်းတစ်လျှောက် ရော်ဘာများ အများအပြား စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ယင်းမြို့များသည် တနင်္သာရီတိုင်းအတွင်း ရော်ဘာအများဆုံး စိုက်ပျိုးရာဒေသများ ဖြစ်ကြသည်။

တစ်နိုင်တစ်ပိုင်

ထို့အပြင် ကွမ်းသီးစိုက်ခင်းများကိုလည်း တွေ့ရသည်။ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်နေမှုမှာ မိရိုးဖလာ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ နေအိမ်အများစု အိမ်ရှေ့၌ ကွမ်းသီးလုံး၊ ကွမ်းသီးခြမ်းများ နေလှန်းထားသည်ကို တွေ့ရသည်။ ကွမ်းသီးနှင့် ရော်ဘာသည် ယင်းမြို့နေပြည်သူများ၏ အခြေခံစားဝတ်နေရေးအတွက် များစွာ အထောက်အကူပြုနေပုံရသည်။

သတင်းအဖွဲ့ လိုက်ပါလာသည့် ခရီးသည်ယာဉ်သည် ပလောက်မြို့ လွန်သည်နှင့် မြင့်မားသော တောင်ကုန်းကြီးများကို ဖြတ်ကျော်ရသည်။ ပေ ၃၀၀၀ ကျော်မည်ဟု ခန့်မှန်းရသည်။ တောင်တန်းများပေါ်တွင် သစ်ကြီးဝါးကြီးများ ပေါက်ရောက်လျက်ရှိသည်ကို မြင်တွေ့ရသည်မှာ အလွန်သာမောဖွယ်ကောင်းလှသည်။ ယင်း တောင်တန်းကြီးများကို လွန်မြောက်သည်နှင့် သရက်ချောင်း မြို့နယ်သို့ ရောက်သည်။ယင်းမြို့နယ်သည် ထားဝယ်ခရိုင်အတွင်း ပါဝင်သည့် လေးမြို့နယ်တွင် မြေမျက်နှာလွင်ပြင်ကျယ်ပြန့်လာသည့် မြို့နယ်ဖြစ်၍ ဆန်စပါး အများဆုံး စိုက်ပျိုးလျက်ရှိသည်။

ညနေပိုင်းတွင် ထားဝယ်မြို့သို့ ရောက်ရှိရာ ဒေသခံသတင်းထောက် ဦးခင်မောင်ကြီးသည် မြို့အဝင်ဂိတ်၌ သတင်းအဖွဲ့အား လာရောက်ကြိုဆိုခဲ့သည်။ လမ်းတစ်လျှောက် ထန်းပင်များတန်းစီစိုက်ထားသည်မှာ သာယာရှုမောဖွယ် တွေ့ရသည်။အညာမြေကို ပြန်ရောက်နေသည်ဟု ခံစားရသည်။ ကျောက်ပန်းတောင်းနှင့် မိတ္ထီလာမြို့များ၏ မြင်ကွင်းများနှင့် ဆင်တူသည်။

ကျယ်ပြန့်သန့်ရှင်း

ထားဝယ်မြို့သည် ရန်ကုန်မြို့ကဲ့သို့ မြေပြန့်လွင်ပြင် ကျယ်ပြန့်သည့် မြို့ဖြစ်သည်။ဆိုင်ကယ်နှင့် စက်ဘီးစီးသူများသည်။ ခရီးတိုသွားနိုင်ရန် သုံးဘီးဆိုင်ကယ်များ ပြေးဆွဲလျက်ရှိသည်။ လမ်းများမှာ Town Plan ကျကျအရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဖြောင့်တန်းစွာ ဖောက်လုပ်ထားသဖြင့် နေအိမ်များ အစီအရီရှိနေသည်မှာ မြို့၏ ထူးခြားချက်တစ်ချက်ဟု ဆိုရပေမည်။ အိမ်များမှာနှစ်ထပ်အများစုဖြစ်သည်။ နေအိမ်တိုင်းကို ခေါင်ကန့်လန့် ဆောက်လုပ်ထားသည်မှာ ဒေသ၏ အယူအဆတစ်ခုပင် ဖြစ်သည်။

“ကျွန်တော်တို့ ထားဝယ်မြို့ကြီးကို သန့်ရှင်းသာယာလှပတဲ့ မြို့ကြီး တစ်မြို့ဖြစ်ပေါ်လာရေး အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ မြို့ပြလမ်းများ၊ ဈေးများ၊ ပန်းဥယျာဉ်များ သန့်ရှင်းကောင်းမွန်ရေးအတွက် ကျွန်တော်တို့ စည်ပင် ဝန်ထမ်းများနေ့စဉ်မပြတ် ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါတယ်” ဟု ထားဝယ်မြို့ မြို့စည်ပင်သာယာရေးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်လွင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

“ကျွန်တော်တို့မြို့ရဲ့ အထင်ကရ ဈေးကြီးများကတော့ ထားဝယ် မြို့မဈေး၊ မင်္ဂလာဈေးနဲ့ ကမ်းနားဈေးကြီးပဲ ဖြစ်ပါတယ်။ ထားဝယ်မြို့တော်ခန်းမ၊ ဗိုလ်ချုပ်ကြေးရုပ်၊ ရွှေဝယ်သီရိ အားကစားကွင်း၊ ထားဝယ်ဂေါက်ကွင်းနဲ့ မြို့စည်ပင်သာယာ အဆောက်အအုံများဟာ မြို့ရဲ့ အထင်ကရ အဆောက်အအုံများ ဖြစ်ပါတယ်”ဟု ဦးမောင် မောင်လွင်က ဆက်လက်ရှင်းပြသည်။

“ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့ပြလမ်းများ ပြင်ဆင်ခြင်း၊ လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ မြို့ပတ်လမ်း၊ လေယာဉ်ကွင်းလမ်း၊ ပခုက္ကူကျောင်းလမ်း၊ ရွှေတောင်စားလမ်း၊ နိဗ္ဗာန်လမ်း၊ ဆန်းချီလမ်း၊ ရန်ကြီးအောင်လမ်းတို့ကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် အထက-၂လမ်း၊ ပုထိုးကျောင်းလမ်း၊ လေယာဉ်ကွင်းလမ်း၊ ဗိုလ်ချုပ်လမ်းတို့ကိုလည်း ထပ်ပိုး ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်” ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

တိုးတက်ပြောင်းလဲ

သတင်းအဖွဲ့သည် မြို့နယ်သတင်းထောက် ဦးခင်မောင်ကြီးနှင့်အတူ ၁၉၈၈ ခုနှစ်နောက်ပိုင်း တိုးတက်ပြောင်းလဲလာသည့် စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံနေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့ သွားရောက်ခဲ့သည့် နေရာများတွင် နည်းပညာတက္ကသိုလ် (ထားဝယ်)၊ သရက်ချောင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲရေးလုပ်ငန်း၊ ထားဝယ်တက္ကသိုလ်၊ မြို့စည်ပင်ဈေးများ၊ လေဆိပ်၊ ဆက်သွယ်ရေးနှင့် စာတိုက်ရုံး၊ ခုတင် ၂၀၀ဆံ့ ဆေးရုံနှင့် မြို့နယ်အထင်ကရ တန်ခိုးကြီးဘုရားများ ဖြစ်သည်။

မြို့တွင်း၌စတိုးဆိုင်ကြီးများ၊တည်းခိုခန်းများ၊ အလှပြင်ခန်းများ၊ ဈေးဆိုင်တန်းများကိုလည်း တွေ့ရှိခဲ့ရာ ခရီးသွားပြည်သူများအား အထူးဆွဲဆောင်လျက်ရှိသည်။

ထားဝယ်မြို့သို့ ကုန်းလမ်းမှဖြစ်စေ၊ ရေလမ်းမှဖြစ်စေ၊လေကြောင်းမှ ဖြစ်စေ သွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ လွယ်ကူချောမွေ့လျက်ရှိသည်။ သို့သော်လည်း မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ အဆင့်မြှင့်ပြုပြင်ပေးရန် လိုအပ်နေသေးသည်။

တိုးတက်ဖွံ့ဖြိုး

ထားဝယ်မြို့သည် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လယ်ယာနှင့် သားငါးရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ ကျွန်းသစ်နှင့် သဘာဝတွင်းထွက်ရတနာများ ထွက်ရှိခြင်း၊ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံကြီးများ တိုးတက်ပေါ်ပေါက်လာခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့်မြို့တစ်မြို့ဖြစ်လာမည် ဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ထပ်ပိုးကတ္တရာခင်းထားသည့် ထားဝယ်မြို့ အာဇာနည်လမ်းကို ဤသို့ သန့်ရှင်းသပ်ရပ်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

မြေယာရှုခင်းအလှများဖြင့် လှပနေသည့် ထားဝယ်မြို့ လေယာဉ်ကွင်းလမ်းအဝိုင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စာမျက်နှာ ၁၀ မှ

ထည့်ပြီး မြေဩဇာအဖြစ် သုံးနိုင်သလို ငါးစာအဖြစ်လည်း ကျွေးနိုင်တယ်။ ဆိတ်ချေးမှာ ပရိုတင်းဓာတ်၊ အဆီဓာတ်၊ ကာဗိုဟိုက်ဒရိတ် ဓာတ်တွေပါရှိတဲ့အတွက် တီလားပီးယား ငါးမျိုးအတွက် အထူးသင့်တော်ကောင်းမွန်တဲ့ ငါးစာဖြစ်ပါသတဲ့ဗျာ။

အေး ။ ။ သိပ်ကိုတန်ဖိုးရှိတဲ့ ဗဟုသုတပါပဲဗျာ။ ကျုပ်တို့ဆီမှာ ငါးကန်စောင်းမှာ ဝက်ခြံဆောက် ဝက်မွေးပြီး ဝက်ချေးကို ငါးစာအဖြစ်သုံးတာတော့ တွေ့နေတာပါပဲ။ အခုလည်း ဒီသဘောပဲ ဆိုရမှာပေါ့။ ဒါပေမယ့် ဆိတ်ကို တီလားပီးယားလို ငါးမျိုးနဲ့ တွဲမွေးလို့ အကျိုးရှိတယ်ဆိုတာတော့ အခုမှပဲ သိရတော့တယ်။ ဆိတ်ကို ကောင်းကောင်းမွေးနိုင်တဲ့ နေရာဒေသတွေမှာ ဒီနည်းစနစ်ကို သုံးပြီး တီလားပီးယားငါးတွေမွေးကြည့်ရင် သိပ်ပြီးအဆင်ပြေမှာပဲကွ။ တချို့ဒေသတွေမှာ လူတွေက ဆိတ်ချေးကို ငါးကျွေးလို့မရဘူး၊ ငါးအတွက်မကောင်းဘူးလို့ ထင်နေကြတာ မဟုတ်လား။

ကျော် ။ ။ **ဆိတ်ချေးကို ငါးကျွေးလို့မရဘူးဆိုတာတော့ သိပ်ပြီး ယုတ္တိမတန်လှဘူးထင်ပါတယ်။ တကယ်တမ်းကျတော့ တိရစ္ဆာန်တွေရဲ့ စွန့်ပစ်ပစ္စည်းတွေကို ငါးစာအဖြစ် ကျွေးတဲ့အတွက် အန္တရာယ်တစ်စုံတစ်ရာမရှိနိုင်ပါဘူး။ တိရစ္ဆာန်များရဲ့ စွန့်ပစ်ပစ္စည်းကိုစားတဲ့ ဝက်၊ ကြွက်၊ မျောက်ဝံစတဲ့ တိရစ္ဆာန်တွေလည်း ရှိနေတာပဲ မဟုတ်လား။ သန့်ရှင်းရေး မလုပ်နိုင်တဲ့ အနေအထားမျိုးမှာ စွန့်ပစ်ပစ္စည်းတွေကို ပြန်အသုံးပြုတာ အကောင်းဆုံးပါပဲ။ တီလားပီးယားငါးတွေဟာ ရေကန်အတွင်း ကျလာတဲ့ ဆိတ်ချေးမှာပါတဲ့ မြက်၊ သီးနှံစတဲ့ မကြေညက်တဲ့ အစာတွေကို ချေဖျက်စားသုံးပါတယ်။ ငါးတွေမှာ ရိုးရှင်းတဲ့ အဆင့်မများတဲ့ အစာချက်လုပ်မှု စနစ်ပါရှိတဲ့အတွက် အခြားတိရစ္ဆာန်တွေက အစာချက်လုပ်ပြီး စွန့်ပစ်လိုက်တဲ့ တစ်ဝက်တစ်ပျက်ချေဖျက်ထားတဲ့ အစာတွေကို စားသုံးခြင်းကြောင့် သူတို့အတွက် အကျိုးရှိစေတယ်လို့ဆိုတယ်။ ငါးများရဲ့ အစာအိမ်အတွင်းမှာရှိတဲ့ High Level ဗက်တီးရီးယားတွေက မကြေညက်တဲ့အစာတွေကို ကြေညက်အောင် ချက်လုပ်ပေးနိုင်တယ်။ ဆိတ်တွေဟာ စားလိုက်တဲ့အစာကို ကောင်းစွာကြေညက်အောင် ချေဖျက်နိုင်ခြင်းမရှိတဲ့အတွက် ဆိတ်ချေးကို အသုံးပြုခြင်းအားဖြင့် ငါးတွေအတွက် အကျိုးများစေနိုင်လို့ ဆိတ်ချေးကို ရွေးချယ်ရခြင်း ဖြစ်ပါသတဲ့။**

သာ ။ ။ ဆိတ်နဲ့ ငါး ဆက်နွယ်ပုံတော့ ရှင်းပါပြီ။ ငါးကိုရော ဘာဆက်လုပ်ဦးမှာလဲ။

တိုး ။ ။ ဒါများကွာ၊ ငါးကိုတော့ ဖော်ပြီးစားရုံပေါ့ကွ ဟောကောင်ရ။

အေး ။ ။ ဒါတော့ မင်းတို့ပြောမှလားကွာ လူတိုင်းသိတာပေါ့။

ကျော် ။ ။ လူတိုင်းသိသလိုလိုနဲ့ မသိသေးတာတွေရှိသေးတယ်ဗျ။ မောင်တိုးပြောသလို ငါးကိုဖော်စားရုံနဲ့ ဇာတ်လမ်းက မဆုံးသေးဘူး။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၅

ကလေးသူငယ်များ ပညာရည်မြင့်မားရေးသင်တန်းဖွင့်

ကလေးသူငယ်များပညာရည်မြင့်မားရေး အခမဲ့သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် ၅၆၁/၅၆၇ အခန်း ၃ (မြေညီထပ်) MAC Tower(1)တွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီကကျင်းပရာ လစဉ်ပထမပတ်နှင့် တတိယပတ် စနေနေ့တိုင်းတွင် ပုံပြင်ပြောပြသောအစီအစဉ်နှင့် ကစားနည်းဖြင့် ပျော်ရွှင်စွာလေ့လာရေး အစီအစဉ်တို့ကို အခမဲ့သင်ကြားပေးလျက်ရှိသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေ ရုပ်ရှင်ပြသမည်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို)ရန်ပုံငွေအဖြစ် လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာအိအိခိုင် ရိုက်ကူးသည့် ငယ်သူမို့မသိပါ ဇာတ်ကားသစ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့) နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ အထူးပွဲအဖြစ် ပြသမည်ဖြစ်သည်။

မြန်မာ့ထုတ်ကုန်ဗီနီဂါ ပြည်ပသို့ တင်ပို့မည်

ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် ဒရင်းဝေါကုမ္ပဏီမှ မြန်မာဗီနီဂါများကို ဆွစ်ဇာလန်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချမည်ဟုသိရသည်။ ယခင်က အဆိုပါဗီနီဂါများကို ဂျပန်ဈေးကွက်သို့အဓိကတင်ပို့ခဲ့ပြီး ယခုအခါဈေးကွက်သစ်အဖြစ် ဆွစ်ဇာလန်သို့ စတင်တင်ပို့ခဲ့ခြင်းဖြစ်သည်။

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မဟာဝိဇယစေတီတော်မွှေရုံ၌ ကျင်းပမည်ဖြစ်သည်။

လေးမျက်နှာမြို့နယ် လော်ကထား အထက မြတ်ဆရာပူဇော်ပွဲ

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် လော်ကထားအခြေခံပညာအထက်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဗန်တိုနည်းပညာ သိုင်းစာအုပ် ထုတ်ဝေမည်

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ နိုင်ငံတစ်ဝန်းမှ သိုင်းပညာရှင်များအား စုစည်းကာ မြန်မာ့ရိုးရာသိုင်းပညာဖြစ်သော ဗန်တိုနည်းပညာနှင့်ပတ်သက်၍ မကြာမီ စာအုပ်ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။ ယခင်က အပိုင်း(၁)ထုတ်ဝေခဲ့သော်လည်း လူသိရှိမှုနည်းသဖြင့် ယခုထပ်မံ၍ အပိုင်း(၂)ကို ထုတ်ဝေခြင်း ဖြစ်သည်။ပြည်တွင်းပြည်ပပညာရှင်များ လေ့လာနိုင်ရန် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေမည်ဟု သိရသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ရက်တွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာ ဘောလုံးကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်၍ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

ထားဝယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ထားဝယ်အသင်း(ရန်ကုန်)၏ (၈၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ဘွဲ့ရသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ရွှေ့ပြင်ရယ်ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ဒီဇင်ဘာ၂၇ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။
(မြန်မာ့အလင်း)

ကိုယ်တွေ့ခရီးသွားဆောင်းပါးများ စာအုပ်ထုတ်ဝေ

ကိုယ်တွေ့ကိုရီးယားခရီးသွားဆောင်းပါးလက်ရာ ၃၃ ပုဒ်ပါဝင်သော ကိုကို (စက်မှုတက္ကသိုလ်)ရေးသားသည့် အွန်စောတို့ဌာနေအမည်ရှိစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာရုပ်ရှင် ဟာသကားသစ်နှစ်ကား ရုံတင်မည်

မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်မည့် ဒါရိုက်တာ ဇော်မြင့်ဦး ရိုက်ကူးသော ကဝေပျို၏ပစ္စုပ္ပန်ဇာတ်ကားနှင့် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် အမျိုးနှင့်မသက်ဆိုင်သောသူ ဟာသဇာတ်ကားသစ်နှစ်ကား မကြာမီရုံတင်ပြသရန် ရှိကြောင်း သိရသည်။
(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

အထူးကျေးဇူးတင်ရှိပါကြောင်း

၁၉၈၆ ခုနှစ် သစ်တောပညာဘွဲ့ရ ကျောင်းသားများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၀ရက် ညနေ ၃နာရီတွင် မန္တလေးမြို့ Oriental House ၌ စုံစုံညီညီဖြင့် ပျော်ရွှင်အောင်မြင်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကြွရောက်ပူဇော်ခံခဲ့သည့် ဆရာကြီးများ၊ ဧည့်သည်တော်ကြီးများ၊ ဆရာကြီးများ တည်းခိုစဉ်ကာလအတွင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးခဲ့သည့် မန္တလေး City Hotel မှ ဝန်ထမ်းများ၊ စေတနာရှေ့ထား ဆောင်ရွက်ပေးသော Oriental House မှ ဝန်ထမ်းများအား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

၁၉၈၆ခုနှစ် သစ်တောပညာဘွဲ့ရကျောင်းသားများ။

ကိုဖြိုးကွယ်မြင့်

(အလုပ်သင်ဆရာဝန်-ဗဟိုအမျိုးသမီးဆေးရုံကြီး) သို့

မွေးနေ့ဆုမွန်

၂၆-၁၂-၂၀၀၈ ရက်တွင် ကျရောက်သော (၂၃)နှစ်မြောက် မွေးနေ့မှသည် အသက်ထက်ဆုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဘဝရည်မှန်းချက် အထွတ်အထိပ်သို့ ဆန္ဒစွမ်းအား၊ စိတ်စွမ်းအား၊ ဝီရိယစွမ်းအား၊ ပညာစွမ်းအားများဖြင့်သာမက လောကဓံကို ကြံ့ကြံ့ခံရဲသည့် သတ္တိစွမ်းအားများဖြင့် အရောက်တက်လှမ်းနိုင်ပါစေ။

ချစ်သော SAMMY

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၊ အမှတ်(၆)ရပ်ကွက်၊ ၂ လမ်းနေ
(ဦးကျင်)-ဒေါ်ခင်ကြည် တို့၏သား

ဒေးဗစ်ထွန်း (ခေတ္တ-U.S.A)

နှင့်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့၊ ဒဂုံမန်းလမ်းနေ
ဦးစံထွေး-ဒေါ်စန်းစန်း တို့၏သမီး

မဇင်မာဦး

တို့သည်၂၇-၁၂-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ ဟောပြောပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း ဘက်စုံခန်းမကြီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးမှ HIV/AIDS အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမျိုးသန့်က ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနှင့် အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) မေးရိုးနှင့် ခံတွင်းဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါ်ဆွေဆွေဝင်းက ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် အေအိုင်ဒီအက်စ်အကြောင်းကိုလည်းကောင်း ဟောပြောပို့ချခဲ့ကြသည်။ အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သဃ်န်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် စိတ်ပါဝင်စားသူ ၁၀၀၀ကျော် တက်ရောက်ကြသည်။

ဂုဏ်ပြု

အခမ်းအနားတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဦးသိန်းထွဋ်နှင့် ပညာရပ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပါမောက္ခဦးပွင့်ဖူးတို့က ဟောပြောသည့်ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(မြန်မာ့အလင်း)**

မွေးနေ့ဆုတောင်း

ချစ်သားငယ်

မောင်ထက်နိုင်

၏

ဒီဇင်ဘာ ၂၆ရက်တွင် ကျရောက်သောမွေးနေ့မှသည်
မွေးနေ့ပေါင်း ရာကျော်အထိ
လိုရာဆန္ဒပြည့်ဝ၍ ပျော်ရွှင်ချမ်းမြေ့စွာဖြင့်
ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ....

မေမေ-ဒေါ်မြင့်စိန်
စိန်စုစုပရိဘောဂနှင့်
ပြည့်စုံပရိဘောဂ။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သမီးဖြစ်သူ မမေစံပယ်ဖြူ ၁၄/ဟသတ(နိုင်)၂၅၉၅၅၆ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ အိမ်ပေါ်မှဆင်းသွားသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးမောင်မောင်ကျော်
၁၄/ဟသတ(နိုင်)၀၁၆၀၆၉
မိခင်-ဒေါ်ဖြူဖြူအေးဦး
၁၄/ဟသတ (နိုင်)၀၄၄၂၄၈။

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဒေါပုံ၌ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က ပုသိမ်မြေရပ်ကွက် အလင်းရောင်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးလွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အုံးညွန့်က စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေး ဆွေးနွေးသည်။ **(အောက်ပုံ)**

တက်ရောက်ဆွေးနွေး

အခမ်းအနားသို့ ပုသိမ်မြေရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စာကြည့်တိုက်မှူးနှင့် စာပေဝါသနာရှင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်အဆင့် ကျောင်းကျန်းမာရေး အဆင့်မြင့်ထူထောင်ရေး ဆင့်ပွားသင်တန်းနှင့် ဆုပေးပွဲအခမ်းအနားကို အထက(၂)ဗဟန်း၌ ကျင်းပရာ ရန်ကုန်တိုင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းကျန်းမာရေး မြို့နယ်မူလတန်းအဆင့် ပထမ၊ တိုင်းစံပြထူးချွန် ပထမရရှိသော အမက(၁)ဗဟန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်အား တိုင်းမိခင်နှင့်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၈-၂၀၀၉ ခုနှစ် ပထမအကြိမ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ၂၃ရက်က လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စွမ်းအားခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောထွန်း(ပညာ)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် သက်တန်းနှင့် ပြိုင်ပွဲ အမျိုးအစားအလိုက် တစ်ဦးချင်း အနိုင်ရရှိသူများအား မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အကောင်းဆုံး

ပြိုင်ပွဲတွင် အသက်(၉)နှစ်အောက် အတန်း၌ အကောင်းဆုံး အားကစားသမားဆုကို မောင်ဝေယံအောင် (အမက-၈၊ တာမွေမြို့နယ်)ကလည်းကောင်း၊ အသက်(၁၂)နှစ်အောက်အတန်း၌ အကောင်းဆုံး အားကစားသမားဆုကို မဂျူလိုင်မိုးအောင် (အထက-၃၊ အလုံမြို့နယ်)က လည်းကောင်း၊ အသက်(၁၅)နှစ်အောက် အတန်း၌ မောင်လှမောင်ဦး (အလက-၇၊ သာကေတမြို့နယ်)က လည်းကောင်း၊ အသက်(၁၅)နှစ်အောက်(WKF)အငယ်တန်း အကောင်းဆုံး အားကစားသမားဆုကို မောင်ရဲမာန်ဦး (အထက-၁၊ မြောက်ဥက္ကလာပမြို့နယ်)က လည်းကောင်း၊ အသက်(၁၅)နှစ်အထက် (WKF) အလတ်တန်းအကောင်းဆုံး အားကစားသမားဆုကို ပိုင်ပြည့်ဖြိုး (အထက-၅၊ ဗိုလ်တထောင်မြို့နယ်)ကလည်းကောင်း ရရှိကြပြီး အတိုးတက်ဆုံးနှင့် အကြိုးစားဆုံးဆုကို ကောင်းခန့်(အမက-၃၊ မင်္ဂလာတောင်ညွန့်မြို့နယ်)က ရရှိသွားသည်။

တံခွန်စိုက်ဆု

ထို့နောက် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောထွန်း (ပညာ)က ရွှေတံဆိပ်ကိုးခုဖြင့် ပထမရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင်အသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** ယင်းပြိုင်ပွဲတွင် ဒုတိယဆုကို ရွှေတံဆိပ်ငါးခုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်အသင်းက ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း၊ ရွှေပေါက်ကံ မြို့သစ်လုံးဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွှေပေါက်ကံမြို့သစ် မေတ္တာမွန်သွေးလှူရှင်အဖွဲ့တို့က ဦးဆောင်၍ ရွှေပေါက်ကံမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအပါအဝင် စုစုပေါင်း အင်အား ၉၀တို့ ဒီဇင်ဘာ၂၄ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော လူနာများအတွက် ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

မြင်းခြံ ကောလိပ်ကျောင်းလမ်း ပန်းအလှပင်စိုက်ပျိုး

မြင်းခြံ ဒီဇင်ဘာ ၂၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြင်းခြံမြို့ ဒီဂရီကောလိပ်ကျောင်းအနီး လမ်းဘေးဝဲယာတွင် ဒီဇင်ဘာ ၃ရက်က ရာသီအလိုက်ပန်းများ ဖူးပွင့်ဝေဆာစေရေးအတွက် စက္ကူပန်းပင်များအား အဖွဲ့ဝန်ထမ်းများနှင့် စနစ်တကျ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ အဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

26-12 (12).pmd 1 12/26/2008, 1:35 AM

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကယားပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ရက်က လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပို့ဆောင်ရေးဦးစီးဌာန၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေး အသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ရုံးအဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဒီဇင်ဘာအားကစားလ လမ်းလျှောက်ပွဲ အုတ်ဖိုမြို့နယ်တွင် ကျင်းပ

အုတ်ဖို ဒီဇင်ဘာ ၂၀

အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၄နာရီက အုတ်ဖိုမြို့နယ်ရုံးခန်းမရှေ့မှ အရှေ့ဘက် အုတ်ဖိုတာဆုံအထိ အသွားအပြန်ငါးမိုင်လမ်းလျှောက်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်န်ဂျီအိုအဖွဲ့ဝင်များ၊ အား/ကာကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများပါဝင်၍ စုပေါင်းလမ်းလျှောက်ကြ ကြောင်း သိရသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဟားခါးမြို့တွင် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ဟားခါး ဒီဇင်ဘာ ၂၃

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ၁နာရီက ဟားခါးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက ငွေစာရင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

တက်တက်ကြွကြွ

ဆက်လက်၍ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက ဖြည့်ဆည်း ဆောင်ရွက်ပေး၍ အသင်းအမှုဆောင်များအနေဖြင့် မိမိကျရာ အခန်းကဏ္ဍများမှ တက်တက်ကြွကြွ ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့ပြချယ်ရီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက် စုဆောင်းခြင်းကို အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွင်သက်ပိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်

ညောင်လေးပင် ဒီဇင်ဘာ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန Care Myanmar အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထု အသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၇ရက် နံနက် ၉နာရီက ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ ပဲခူးတိုင်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲအောင်(**အပေါ်ပုံ**)၊ ခရိုင်ဦးစီးမှူး ဒေါက်တာအေးဝင်းနှင့် ပဲခူးတိုင်းမွေးမြူရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ကြာမြင့်

သင်တန်းသို့ သင်တန်းသား၂၀နှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ တက်ရောက်ပြီး သင်တန်းမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။ (၀၅၃)

သဲကုန်းမြို့၌ ကျန်းမာရေး ပညာပေးဟောပြော

သဲကုန်း ဒီဇင်ဘာ ၂၁

ပဲခူတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါဝေဒနာရှင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို သဲကုန်းမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ဒီဇင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အတွင်းရေးမှူး သဲကုန်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေတို့က အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရောဂါဝေဒနာရှင်များနှင့် ပြည်သူများအား ကျန်းမာရေးအသိပညာများ ဟောပြော ဆွေးနွေးကြောင်း သိရသည်။ (ကျန်းမာရေး)

ပခုက္ကူမြို့ အမက (၄) အာစရိယပူဇော်ပွဲ

ပခုက္ကူ ဒီဇင်ဘာ ၁၅

ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း (ဆရာကြီးဦးဘတင် ၁၉၀၈ခုနှစ်က စတင်တည်ထောင်သည့် ကုက္ကိုတန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော် ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၃ရက်(စနေ နေ့)နံနက်၉နာရီတွင် အမက(၄) ဝါးတန်း ကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်း လိုပါက ဦးစိန်မောင်ဝင်း ဖုန်း-၀၉-၂၃- ၀၀၃၅၁၊ ဦးကျော်ဆွေ ဖုန်း-၀၆၂-၂၉၃၈၁၊ ဦးသော်ဇင်ဦး ဖုန်း- ၀၉-၂၃-၀၂၀၂၃၊ ဦးဝင်းဆွေ ဖုန်း- ၀၉- ၂၃-၀၁၁၂၉နှင့် ဦးခင်မောင်မြင့် ဖုန်း-၀၆၂-၂၁၈၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၇၀)

မြိတ်မြို့ စကားဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၇ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ လေ့ကျင့်မှုကို အမှုဆောင်အရာရှိနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကာမိုင်းမြို့၌ မြို့တွင်းသွားလာရေး လွယ်ကူရန်ဆောင်ရွက်

ကာမိုင်း ဒီဇင်ဘာ ၁၂

ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းသွားလာမှု လွယ်ကူချောမွေ့ စေရေးအတွက် လမ်းများအား ချိုင့်ခွက်များ၊ အပေါက်များမရှိစေရေးနှင့် တံတားများကြံ့ခိုင်မှု ရှိစေရေးအတွက် နိုဝင်ဘာ ၁၅ရက်က မဟာဗန္ဓုလလမ်းပေါ် ကွန်ကရစ်တံတားကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးယုန်ဖု ပြင်ဆင်ဆောင်ရွက် လျက်ရှိရာ မြို့တာဝန်ခံ(ဦးစီးအရာရှိ) ဦးမိုးလွင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရ သည်။ (မြို့နယ်စည်ပင်)

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သပြုကျွဲကူးဆိပ်ကူးတို့တွင် ခရီးသွား ပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရေယာဉ်များ တောင့်တင်းကြံ့ခိုင်မှုရှိရေးနှင့် သတ်မှတ်သည့် နှုန်းထားများအတိုင်း ကောက်ခံမှု ရှိမရှိတို့ကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့၌ နွေစပါးစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်

ရွှေဘို ဒီဇင်ဘာ ၂၀

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၄ရက် မွန်းလွဲ ၂နာရီက ၂၀၀၈-၂၀၀၉ခုနှစ် ရွှေဘိုခရိုင်၏ နွေစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး ခရိုင် ဥက္ကဋ္ဌက ရွှေဘိုတစ်ခရိုင်လုံး၏ နွေစပါးစီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်ချက်များကို ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်အားလည်းကောင်း၊ မြို့နယ်အလိုက် နွေစပါးစီမံကိန်းရည်မှန်းချက် များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တာဝန်ပေးအပ်ချက်များကို သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌများအား ပေးအပ်သည်။ ရွှေဘိုခရိုင် အနေဖြင့် ယခုနှစ်တွင် နွေစပါးစိုက်ဧက သုံးသိန်းခြောက်သောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အမည်ပြောင်း

အဖ ဦးဝင်းလှိုင် ၇/ပခတ(နိုင်)၀၃၅၄၄၇ ၏သား မောင်လင်းဒန်းဝင်းလှိုင်အား မောင်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းထက်။

အမည်ပြောင်း

မြိတ်မြို့ အထက(၂) သတ္တမတန်း(A)တွင် ပညာသင်ကြားနေသော ဦးထွန်းဝေ-ဒေါ်မြချို တို့၏သား မောင်သန့်ဇင်ထိုက်အား ယနေ့မှစ၍ မောင်သန့်အောင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်အောင်ဖြိုး။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၆၉၁၀ ဟွန်ဒါ C90 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းငွေ ၉/ကပတ(နိုင်)၀၀၄၂၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊ လားရှိုး။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၈၉၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးပေါင်ဇထန် ၅/ကလထ(နိုင်)၀၀၀၄၁၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကလေးမြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၃၄၁၂၈ ယဉ်ဇင်း-110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၈/ပမန(နိုင်)၀၉၅၉၈၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး) ပခုက္ကူမြို့။

ဦးရာလူရောင်းမည်

မြောက်ဒဂုံ စက်မှုဇုံ့ဖြိုးရေးဇုန်ရှေ့၊ ဦးဝိစာရလမ်းမပေါ် ၃၄ သစ်တောရပ်ကွက်၊ BN-တစ်ထပ်ခွဲ၊ ရေ၊ မီးစုံ။

ဖုန်း- ၅၆၃၄၆၄၊ ၀၉-၅၁-၈၉၅၈၅၊ ၀၉-၅၀-၃၁၈၂၈။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သန်းအေး ၃/ကကရ(နိုင်)၀၀၄၅၁၁၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အမှတ်(ဂ-၅၆)အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်းရှိ "Min Ohn Pe International Trading Co.,Ltd."သည် ၂၀၀၈ခုနှစ်တွင် ဆန်ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ သက်ဆိုင်ရာဌာနသို့ လိုင်စင်လျှောက်ထားခဲ့ပါသည်။ ထိုကဲ့သို့ ပြည်ပသို့တင်ပို့ရန် တင်ပြလျှောက်ထားရာတွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ကွမ်းခြံရပ်ရှိ ဦးချိုဆန်စက်မှ ဆန်များအား ဝယ်ယူပြီးဖြစ်ကြောင်း သက်ဆိုင်ရာရုံးသို့ ထည့်သွင်းတင်ပြလျှောက်ထားခဲ့ပါသည်။ ထိုသို့ တင်ပြလျှောက်ထားသည့်ကိစ္စအား ဦးချို ဆန်စက်ပိုင်ရှင် ဦးမျိုးဝေနှင့် ဒေါ်အေးအေးလွင်(ခ)ဒေါ်အုန်းကြည်တို့ လုံးဝသိရှိခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့်လည်း ပြည်ပသို့ ဆန်တင်ပို့ရန် အတွေ့အကြုံနည်းသောကြောင့်လည်းကောင်း၊ ကြားလူတစ်ဦးမှ ပုသိမ်မြို့ရှိ ဦးချိုဆန်စက်နှင့် ဆက်သွယ်ပေးမည်ဟုပြောသည်ကို ယုံကြည်သောကြောင့် သက်ဆိုင်ရာရုံးသို့ သဘောရိုးဖြင့် တင်ပြလျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မတို့ 'Min Ohn Pe International Trading Co.,Ltd."အနေဖြင့် အတွေ့အကြုံမရှိ၍လည်းကောင်း၊ ပုသိမ်မြို့ရှိ ဦးချိုဆန်စက်ပိုင်ရှင်များ၏ ခွင့်ပြုချက်မယူဘဲ လျှောက်ထားခဲ့သည့်အတွက် ပုသိမ်မြို့ရှိ ဦးချိုဆန်စက်ပိုင်ရှင်များအား ဝန်ချတောင်းပန်အပ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာအမြတ်ခွန်ကိစ္စများတွင်လည်း ဦးမျိုးဝေ၊ ဒေါ်အေးအေးလွင်(ခ)ဒေါ်အုန်းကြည်တို့နှင့် ပတ်သက်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

အမှုသည်၏ ညွှန်ကြားချက်အရ-
ဦးမြင့်သွေး (B.A,R.L)
တရားရုံးချုပ်ရှေ့နေ
အခန်း(၁၈)၊ တိုက် ၅၅၊ ဒုတိယထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပဲခူးခရိုင် နယ်တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၃၅၀

မန်နေဂျာ	နှင့်	၁။ ဦးအောင်ထွန်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်စန်းစန်းမြင့်
ပဲခူးမြို့။		
တရားလို		**တရားပြိုင်များ**

အမှတ် ၆၇၊ ရပ်ကွက်ကြီး(၁)၊ ဘုရင့်နောင်လမ်း၊ ဥဿာမြို့သစ်(၂)ရပ်ကွက်၊ ပဲခူးမြို့နေ၊ ၁။ဦးအောင်ထွန်း၊ ၂။ဒေါ်စန်းစန်းမြင့် သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ချေးငွေ ၉၈၁၇၇၂၃ကျပ် ၆၀ပြားအတွက် အပေါင်ဒီကရီ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၉ရက်(၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေဖြေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုမာလာ
ခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး။

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

၂၉-၁-၂၀၀၅ရက်(စနေနေ့)၌ နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့သော မောင်လင်းခန့်ကျော် ၁၂/ဒဂန(နိုင်)၀၂၃၉၀၆နှင့် မနှင်းပပမြင့် ၁၂/အလန (နိုင်)၀၃၈၇၀၃တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် ဖျက်သိမ်းလိုက်ပါသည်။

မနှင်းပပမြင့် ၁၂/အလန(နိုင်)၀၃၈၇၀၃။

စွမ်းစွမ်းကိုခေါ်ပါ

TV ၊ DVD ၊ MONITOR များ အိမ်အရောက်ပြုပြင်ပေးသည်။ TV နှင့် စက်အပေါင်း အပျက်များ ဝယ်သည်။ **ဖုန်း-၅၄၀၇၉၅။**

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး



မူးယစ်ကင်းစင် အလှဆင်

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးရုံးနှင့် မြို့မဈေးကြီးရှေ့တွင် ဒီဇင်ဘာ ၁၁ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက်သရုပ်ပြလေ့ကျင့်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် ရုံးဝန်ထမ်းများ၊ မြို့မ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြစဉ်။ (၃၁၆)

အားကစားလလမ်းလျှောက်ပွဲ စဉ့်ကိုင်၌ကျင်းပ

စဉ့်ကိုင် ဒီဇင်ဘာ ၂၀

စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဒီဇင်ဘာ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၅နာရီက စဉ့်ကိုင်မြို့ လမ်းဆုံ ပန်းခြံရှေ့မှ စတင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်၊ အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ စုရပ်ပန်းခြံမှ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး စဉ့်ကိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာ အားကစားလ ပျော်ပွဲ၊ ရွှင်ပွဲနှင့် ပြိုင်ပွဲများ ကျင်းပကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း အရက်မူးပြီး ဇနီးကို လေးသံပြားဖြင့်ရိုက်သတ်မှုဖြစ်ပွား

မိတ္ထီလာ ဒီဇင်ဘာ ၂၀

မိတ္ထီလာမြို့ ဆပ်ပြာကျင်းကျေးရွာအုပ်စု သဖန်းခါးကုန်းကျေးရွာ၌ ဒီဇင်ဘာ ၁၄ရက်က အရက်အမူးလွန်ပြီး ဇနီးသည်အား လေးသံပြားဖြင့်ရိုက်၍ သေဆုံးမှုတစ်မှု ဖြစ်ပွားခဲ့သည်။

ဖမ်းဆီး

ဖြစ်ပွားပုံမှာ မိတ္ထီလာမြို့အနောက်တောင်ဘက် မိုင်၂၀ အကွာရှိ အလည်ရွာ ရဲစခန်းအပိုင် ဆပ်ပြာကျင်းကျေးရွာအုပ်စု သဖန်းခါးကုန်းကျေးရွာတွင် ဒီဇင်ဘာ၁၄ရက်ညက သဖန်းခါးကုန်းကျေးရွာနေ တင်ကြိုင် (၃၄)နှစ်သည် အရက်သေစာများ သောက်စားမူးယစ်ပြီး ထမင်းစားနေသည့် ဇနီးဖြစ်သူ မကြင်မာအေး (၂၅)နှစ်အား နှစ်ပေခန့်ရှိ လေးသံပြားဖြင့် ဦးခေါင်းနှင့် နဖူးတို့အား လေးချက်ရိုက်နှက်ရာ မကြင်မာအေးမှာ နေရာတွင်ပွဲချင်းပြီးသေဆုံးသွားသဖြင့် သဖန်းခါးကုန်းကျေးရွာသို့ အလည်ရွာရဲစခန်းမှူး ဒုရဲအုပ်အောင်ရနှင့်အဖွဲ့က ချက်ချင်းသွားရောက်ပြီး တရားခံအား ဖမ်းဆီး၍ သက်သေခံပစ္စည်းများ စနစ်တကျရှာဖွေသိမ်းဆည်းကာ လူသတ်မှုကို ဦးသိန်းဌေးက တရားလိုပြုလုပ်၍ အလည်ရွာရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ တရားခံတင်ကြိုင်အား ရဲစခန်း(ပ) ၁၁/၂၀၀၈ ပုဒ်မ ၃၀၂ ဖြင့် ဖမ်းဆီးအရေးယူထားသည်။ (၀၈၆)

စာပေဟောပြောပွဲများ ကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မြင်းမူ ဒီဇင်ဘာ ၁၂

မြင်းမူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်စိုးသည် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးစံရွှေ(စူးရှထက်မြက်)နှင့်အတူ ဒီဇင်ဘာ၃ရက်က မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ၊ ရွာပိုလေးကျေးရွာနှင့် မူးစရွာထောင် ကျေးရွာများသို့ ရောက်ရှိ၍ စာပေဟောပြောပွဲများ ကျင်းပနိုင်ရေးအတွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်ပြည်သူများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

သွင်းကုန်အစားထိုးထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေသက်သာစေခဲ့သည့် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံ (သာဂရ)



သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးစေရေးအတွက် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေရေးအတွက် စီမံကိန်းများချမှတ်၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပေသည်။

ထုတ်လုပ်ဖြန့်ဖြူး

ယခုအခါတွင် စက်မှုစွမ်းအား တိုးတက်မြင့်မားရေး၊ ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်၊ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေး ကဏ္ဍများကို နိုင်ငံတော်က အဓိကထား ဖော်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အသက်အရွယ်ကြီးရင့်သော ဖခင်တို့၏ ရင်သွေးငယ်များ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများဖြစ်ပေါ်နိုင်

အသက်အရွယ်ကြီးရင့်သော ဖခင်များအနေဖြင့် သားသမီး ရယူသည့်အခါစိတ်ပိုင်းဆိုင်ရာ ချို့တဲ့သည့်သားသမီးများရရှိရန် အခွင့်အလမ်းများကြောင်း ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။

အခွင့်အလမ်း

အထူးသဖြင့် ယောကျ်ားလေးများ မွေးဖွားလာသည့်အခါ ဦးနှောက်ပိုင်းဆိုင်ရာချို့ယွင်းမှုများ ဖြစ်ပွားတတ်မှု၌ သမီး မိန်းကလေးများ မွေးဖွားလာမှုထက် ပိုမိုအခွင့်အလမ်းများကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻

ထားဝယ်မြို့ ရင်ပြင်ပတ်လမ်းအား အရိပ်ရပင်၊ ပန်းအလှပင်များဖြင့် သန့်ရှင်းသာယာလှပနေသည်ကို ဤသို့တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

သန့်ရှင်းသပ်ရပ်သာယာလှပနေသော ထားဝယ်မြို့မြင်ကွင်း

➢ သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - ခင်မောင်ကြီး(ထားဝယ်) ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ထားဝယ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်း ထားဝယ်မြို့သည် ခရိုင်မြို့ကြီးသုံးမြို့ဖြစ်သည့် မြိတ်နှင့် ကော့သောင်းတို့အနက် အကြီးဆုံးသော မြို့ကြီးဖြစ်ပြီး ရှေးမှုလက်ရာအဆောက်အအုံ အများဆုံးတည်ရှိသော မြို့ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တီကောင်တွေဟာ နွားချေးတွေကို စားသောက်ကြတဲ့အတွက်ပရိုတင်းဓာတ်သိပ်ကို ကြွယ်ဝတယ်ဆိုပဲ။ ဒီတော့ ဒီတီကောင်တွေကို ကြက်စာ၊ ဘဲစာ ကျွေးပြီး လူတွေက ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ဘဲသားအဖြစ် ပြန်လည်ရယူတာဟာ စရိတ်အကုန်အကျ တစ်ပြားတစ်ချပ်မှမရှိဘဲ ရနိုင်တဲ့အကျိုးအမြတ် မဟုတ်ပေဘူးလား။

ကျော်ရဲမင်း၏ ဆောင်းပါး စာ ၁၀ နှင့် ၁၁

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုဖွား
တိုင်းရင်းသား
စုပေါင်းကာကွယ်
မီးအန္တရာယ်

26-12 (20).pmd 1 12/26/2008, 1:35 AM